# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်း အဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) လိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၂) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်နှင့်

(၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တိုဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက် အများပြည်သူသွားလာနေသည့် လမ်းမကြီးအား ပိတ်ဆို့ထားသော Myanmar Mobile Money Services သည် မည်သည့်အခွင့်အာဏာအရ ပိတ်ဆို့ထားသည်ကို သိလိုခြင်း၊ အများပြည်သူများ ဖြတ်သန်းသွားလာရန် ခွင့်မပြုဘဲ ဌာနဆိုင်ရာယာဉ်များသာဆိုသည်မှာ မည်သည့်ဌာနမှယာဉ်များဖြစ်သည်ကို သိလိုခြင်း၊ ယာဉ်ထိန်းဥပဒေအရ အရေးယူမည်ဆိုသည်မှာ မည်သည့်ပုဒ်မဖြင့် အရေးယူမည်ကို သိလိုခြင်း၊ 'ယာဉ်မရပ်ရ' ဆိုင်းဘုတ်ငယ်များကို အများပြည်သူ သွားလာသောလမ်းမကြီးပေါ်တွင် ချထားခွင့်ရှိ/မရှိသိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာကိုယ်စား ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းက မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ဂါရဝပြုရင်းဖြင့် အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျနော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန္ဒကျော်စွာရဲ့ကိုယ်စား ဦးနန္ဒကျော်စွာတင်သွင်းထားတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်ရှိ အများပြည်သူသွားလာနေသော ဗိုလ်ရာညွန့်လမ်းအား ပိတ်ဆို့ထားခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက် အများပြည်သူသွားလာနေသော ဗိုလ်ရာညွန့်လမ်းတွင် ခိုင်မာစွာဆောက်လုပ်ထားသော သံတံခါးကြီးဖြင့် လမ်းပိတ်ဆို့ထားပါတယ်။ အဲဒီလိုပိတ်ဆို့ထားသော တံခါးမှာ ဌာနဆိုင်ရာယာဉ်များသာ အဝင်/အထွက်ရှိပါသည်။ ဝင်/ထွက်ပေါက်လမ်းကြောင်းအား ပိတ်၍ယာဉ်မရပ်ရ။ တွေ့ရှိပါက ယာဉ်ထိန်းဥပဒေအရ အရေးယူမည်ဖြစ်ပြီး ဒဏ်ငွေပေးလျော်ရမည်လို့ Myanmar Mobile Money Services ဟုရေးထားသည်ကို တွေ့ရှိရပါတယ်။ အထက်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ရပ်ကွက်နေပြည်သူများရဲ့ကိုယ်စား အောက်ပါအချက်များကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

(က) အများပြည်သူများ သွားလာရန် လမ်းမကြီးအား ပိတ်ဆို့ထားသော Myanmar Mobile Money Services သည် မည်သည့်အခွင့်အာဏာအရ ပိတ်ဆို့ထားသည်ကို သိရှိလိုပါတယ်။ (ခ) အများပြည်သူများအား ဖြတ်သန်းသွားလာရန်ခွင့်မပြုဘဲ ဌာနဆိုင်ရာယာဉ်များသာဆိုသည်မှာ

မည်သည့်ဌာနမှယာဉ်များဖြစ်သည်ကို သိရှိလိုပါတယ်။ (ဂ) ယာဉ်ထိန်းဥပဒေအရ အရေးယူမည်ဆိုသည်မှာ မည်သည့်ပုဒ်မဖြင့် အရေးယူမည်ကို သိရှိလိုပါတယ်။ (ဃ) ယာဉ်မရပ်ရ ဆိုင်းဘုတ်ငယ်များကို အများပြည်သူသွားလာသောလမ်းမကြီးပေါ်တွင် ချထားသည်ကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့ ချထားခြင်းနှင့်စပ်လျဉ်း၍ ချထားခွင့်ရှိ/မရှိကို သိရှိလိုပါသဖြင့် ယောမင်းကြီးရပ်ကွက်နေ ပြည်သူတွေရဲ့ကိုယ်စား လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ မေးခွန်းမေးမြန်းပေးတဲ့ ကျောက်တံတားမဲဆန္ဒနယ်က ဦးစိုးဝင်းကို ကျေးဇူးတင်ပါတယ်။ ကျန်တော်က ဖြည့်စွက်ပြီး တင်ပြလိုပါတယ်။ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်ရဲ့ နဝဒေးလမ်းပေါ်မှာ တကယ်တော့ အစိုးရအထက်တန်းကျောင်း အမှတ်(၁) ဒဂုံမြို့နယ်ကရှိနေပါတယ်။ ကျောင်းကြိုကျောင်းပို့မော်တော်ယာဉ်တွေလည်း များပြားလွန်းတာကတစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနဲ့လည်း ကပ်လျက်ဖြစ်နေတာကလည်းတစ်ကြောင်းကြောင့် ဒီရပ်ကွက်နေပြည်သူများလည်း တိုးပွားလာတယ်။ ဈေးသွားဈေးလာတွေနဲ့လည်း အမြဲပြည့်နှက်နေတဲ့အတွက် ရိုးရိုးမော်တော်ယာဉ်များရော၊ အငှားယာဉ်များရော ပြည့်နှက်ကြပ်နေပါတယ်။ ဒီနေရာမှာ ဒ့ါအပြင် ALPHA ဟိုတယ်တို့၊ Park Royal ဟိုတယ်တို့၊ Sunny Holiday ဟိုတယ်တို့ စတဲ့လုပ်ငန်းများကလည်း နဝဒေးလမ်းနဲ့ယောမင်းကြီးလမ်းပေါ်မှာ တည်ရှိနေတဲ့အတွက် မော်တော်ယာဉ်လည်း အဝင်/အထွက်များပါတယ်။ တစ်ခုတင်ပြလိုတာကတော့ ဒီနေရာမှာ မျဉ်းပြိုင်ဖြစ်နေတဲ့ နဝဒေးလမ်းနဲ့ ယောမင်းကြီးလမ်းကို ကန့်လန့်ဖြတ်ဆက်သွယ်ထားတဲ့ ဗိုလ်ရာညွန့်လမ်းဟာ မြောက်ဘက်ထိပ်မှာ ယခင်က ကာကွယ်ရေးဝန်ကြီးဌာနရှိနေတဲ့အတွက် ဒီနေရာမှာ တံခါးတပ်ဆင်ပိတ်ထားတာဟာ ကျန်တော်တို့ မြို့နယ်သူမြို့နယ်သားများအားလုံး နားလည်မရှိပါတယ်ခင်ဗျာ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့လုံခြုံရေးအရ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မပြောလိုပါဘူး။ သို့သော်လည်းပဲ ဒီနေရာမှာ ကျန်တော်တို့ရဲ့မိသားစုဝင်များဖြစ်တဲ့ ဒဂုံမြို့နယ်သူမြို့နယ်သားများ ရှိနေတဲ့နေရာမှာ ကာကွယ်ရေးဝန်ကြီးဌာနဟာလည်း ကျန်တော်သိနေသလောက်ပြောရရင် လွတ်လပ်ရေးရပြီးကတည်းက ဒီနေရာမှာ ရုံးစိုက်ပြီးနေထိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြောရမယ်ဆိုရင် ကျန်တော်တို့ မြို့နယ်ရဲ့ မိသားစုဝင်တစ်ဦးဖြစ်တယ်လို့ကို ကျန်တော်တို့ ပြောလို့ဆိုလို့လည်းရပါတယ်။ ဒဂုံမြို့နယ်ဟာ ရန်ကုန်မြို့ရဲ့ အသည်းနှလုံးနေရာလည်းဖြစ်ပါတယ်။ ဒီလိုပဲ ပြောဆိုတင်စားတာခံရပါတယ်။ ဒ့ါအပြင် တန်ခိုးကြီးသမိုင်းဝင်ဘုရားများဖြစ်တဲ့ ဆံတော်ကြိုဘုရားလည်းရှိပါတယ်။ ရေတိဂုံစေတီတော်၊ မဟာဝိဇယစေတီတော်၊ စိန်ရောင်ခြည်စေတီတော်၊ အိမ်တော်ရာစတဲ့ တန်ခိုးကြီးဘုရားများလည်း တည်ရှိတဲ့

မြို့နယ်ဖြစ်တဲ့အတွက် အင်မတန် ကျန်တော်တို့မြို့နယ်ရဲ့ ဂုဏ်ယူစရာဖြစ်ပါတယ်။ တပ်မတော်အနေနဲ လည်း ကာကွယ်ရေးဝန်ကြီးဌာနရုံးစိုက်တဲ့အပြင်ကို ကျန်တော်တို့ဒဂုံမြို့နယ်မှာ တော်လှန်ရေးပန်းခြံကြီးဟာလည်း လွတ်လပ်ရေးအတွက် တော်လှန်ရေးစတင်ခဲ့တဲ့ နေရာကြီးလည်းဖြစ်တဲ့အတွက် ကျန်တော်တို့အနေနဲ့ ဂုဏ်ယူစရာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တပ်မတော်အနေနဲ့ ကျန်တော်တို့မြို့နယ်ရဲ့ မိသားစုဝင်လည်းဖြစ်တယ်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ကျန်တော်တို့ရဲ့မိသားစုဝင် မြို့နယ်သူမြို့နယ်သားများဖြစ်တဲ့အတွက်၊ ဒါကိုလည်း ဂုဏ်ယူနေတဲ့အတွက် ကျန်တော်တို့အနေနဲ့ အခုလိုမျိုးတောင်းဆိုရတာဖြစ်ပါတယ်။ ဒါကြောင့် နဝဒေးလမ်းနှင့်ယောမင်းကြီးလမ်းကို ခုနက ကျောက်တံတားမဲဆန္ဒနယ် လတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကန့်လန့်ဖြတ်ဆက်သွယ်ထားတဲ့ ဗိုလ်ရာညွန့်လမ်းရဲ့ မြောက်ဘက်ထိပ်မှာပိတ်ထားသော သံတံခါးကို ဖွင့်ပေးမယ်ဆိုရင် မြို့နယ်သူမြို့နယ်သားများအနေနဲ့ အင်မတန်ကို ခရီးသွားလာရတာ လွယ်ကူသွားမှာဖြစ်တဲ့အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုပါတယ်။ ဒါကြောင့် ကျန်တော်တို့ အနေနဲ့လည်း ကိုယ်စားလှယ်အဖြစ်ကနေပြီးတော့ ကျန်တော်တို့တွေ တာဝန်ပြီးဆုံးတော့မှာဖြစ်တဲ့အတွက် နောက်ဆုံးသက်တမ်းကျန်တဲ့အနေနဲ့ အကယ်၍များ ဖွင့်ပေးမယ့် အစီအစဉ်ရှိတယ်ဆိုရင်လည်း ဘယ်တော့လောက်ဖွင့်ပေးမယ်။ အစီအစဉ်မရှိဘူးဆိုရင်တောင်မှ မြို့နယ်ရဲ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဖွင့်ပေးပါလို့ ကျန်တော်က ကာကွယ်ရေးဝန်ကြီးဌာနကို မေတ္တာရပ်ခံကြောင်း ကျန်တော်တင်ပြပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မေးခွန်းလေးကို ဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော် ဖြစ်ပါတယ်။ အားလုံးမင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာရဲ့ မေးခွန်းငါးခုနှင့်ပတ်သက်ပြီး ကျန်တော်တို့ ဆောင်ရွက်မယ့်အစီအစဉ် လုပ်ငန်းပိုင်းကိုပဲ ကျန်တော် တိုတိုတုတ်တုတ်ရှင်းလင်းတင်ပြပါမယ်။ ယခင် လုံခြုံ ရေးအခြေအနေအရ တည်ရှိနေမများကို အခြေအနေအရပ်ရပ်ပြန်လည်သုံးသပ်ပြီး ယောမင်းကြီး

ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း သံပန်းတံခါးပိတ်ထားခြင်းအား ၂၀၁၆ ခုနှစ်(ဒီနှစ်)၊ ဇန်နဝါရီလအတွင်း (ဒီလအတွင်း) ပြန်လည်ဖွင့်လှစ်ပေးကာ ဖြတ်သန်းသွားလာခွင့်ပြုရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုလို မင်္ဂလာစကားကြားရတဲ့အတွက် ဖြေဆိုပေးတဲ့ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားပါရစေ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပြီဖြစ်ပါတယ်။

**အမျိုးသားလတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍ လတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ နိုင်ငံတော် သမတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ လုံးခြုံရေးဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ဖြစ်တဲ့ ၂၅-၁-၂၀၁၆ ရက်နေ့မှာ ပြင်ဆင် ချက်အဆိုတင်သွင်းထားကြတဲ့ ပြင်ဆင်ချက်(၁၈)ချက်အနက် (၇)ချက်ကို တစ်ပိုဒ်ချင်းစီအလိုက် ဆွေး နွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန် ကျန်ရှိနေတဲ့ အချက်(၁၁)ချက်နဲ့စပ်လျဉ်းပြီး ဆက် လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒာမင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ကျွန်မက ဆွေးနွေးမယ့် အပိုဒ် ၆ အပိုဒ်ခွဲ(က)ကတော့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော် အဖြစ်မှရုပ်စဲရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြား

နိုင်သည်လို့ဆိုတဲ့ နဂိုမူလအဆိုပြု ပြဋ္ဌာန်းချက်ပါ မနေ့တုန်းက Focal Ministry ကို ကျွန်မတို့ ပြည်ထဲရေးဝန်ကြီးဌာနကို ပေးအပ်လိုက် ပြီးဖြစ်တဲ့အတွက် ဒီအပိုင်းနှင့်ပတ်သက်ပြီး ကျွန်မဆွေးနွေးဖို့ မရှိတော့ပါဘူးရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ဒီအပိုဒ်နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြဦးကို ဖိတ်ခေါ်ပါတယ်။ ဒီနေရာမှာ အကယ်၍ တပ်မတော်သား ကိုယ်စားလှယ် အနေနဲ့ မိမိဆွေးနွေးလိုတဲ့ အပိုဒ်ရှိရင်လည်း တစ်ဆက်တည်းဆွေးနွေး တင်ပြလို့ရပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမြဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြန်တမ်းဝင် အမှတ်ကြည်း-၂၆၂၃၉ ဒုတိယ ဗိုလ်မှူးကြီးမြဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလအဆိုပြုပြဋ္ဌာန်းချက်၊ ပြည်သူ့လွှတ်တော်၏ အဆိုပြု ပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုပြဋ္ဌာန်းချက်တို့အပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။ ကျွန်တော်အဓိက ဆွေးနွေးလိုတဲ့ အကြောင်းအရာကတော့ ဥပဒေကြမ်းရဲ့ အခန်း(၃)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈ တို့နှင့် အခန်း (၅)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့ပါ မူလအဆိုပြုပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်း ချက်ဖြစ်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့စကားရပ်နဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာနဆိုတဲ့ စကားရပ်တို့နှင့် စပ်လျဉ်းလို့ တစ်ပေါင်းတည်း ဆွေးနွေး ခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာအရေးကြီး ပုဂ္ဂိုလ် လုံခြုံရေး၊ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေးစတဲ့ လုံခြုံရေးကိစ္စအဝဝကို ကာကွယ်ရေးဝန်ကြီး ဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာတို့မှ ပူးတွဲ၍ဖြစ်စေ၊ သီးခြားစီဖြစ်စေတာဝန်ယူ ဆောင်ရွက်ရပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနဟုဆိုပါက နိုင်ငံတော်သမတတာဝန်ထမ်းဆောင်

ခဲ့သူသည် မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် ကိုယ်ရံတော်အဖွဲ့များကို လုံခြုံရေးကိစများဆောင်ရွက်နေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှဖြစ်စေ ရွေးချယ်ခန့်အပ်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ပြဋ္ဌာန်းချက်အရဆိုရင်တော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်သူများကိုသာ ရရှိနိုင်မှာဖြစ်တဲ့ အတွက် ပြည့်စုံလုံလောက်မမရှိဟု ယူဆပါတယ်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆ တွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမတဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၅၈ တွင် နိုင်ငံတော်သမတသည် ပြည်ထောင်စု သမတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမတသည် မည်သည့်အစိုးရ၊ မည်သည့် ပုဂ္ဂိုလ်ဖြစ်စေ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အကြီးအကဲ၊ အထွတ်အထိပ်နေရာ ရောက်ရှိနေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူကိုလည်း ကျနော်တို့နိုင်ငံသားအားလုံးရဲ့ အကြီးအကဲအဖြစ် အစဉ်လေးစားနေရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ အပေါ် လေးစားတန်ဖိုးထားခြင်း၊ လုံခြုံမှုရှိစေခြင်း၊ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာစွာနေထိုင်နိုင် ခြင်းတို့ဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာပိုမိုမြင့်မားလာစေပြီး ဒီမိုကရေစီစနစ်၏အနှစ်သာရကို ပိုမိုဖော် ဆောင်နိုင်သည်ဟု ယုံကြည်မိပါတယ်။ သို့ပါ၍ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် ကိုယ်ရံတော်နှင့် ကိုယ်ရံတော်အဖွဲ့များကို ရွေးချယ်ခန့်ထားရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှဖြစ်စေ ၎င်း၏ စိတ်ဆန္ဒအရ လွတ်လပ်စွာရွေးချယ်ခွင့်ရှိစေရန် ဥပဒေကြမ်း၏ အခန်း (၃) အပိုဒ် ၅၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈ တို့နှင့် အခန်း ၅ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့ပါ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်အတည်ပြုထားတဲ့ ပြည်ထဲရေးဝန်ကြီးဌာနဆို တဲ့ စကားရပ်အစား မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထား သည့် သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည့်စကားရပ်ကိုသာ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်ချက်အဆို များတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ သို့ရာတွင် ဥပဒေကြမ်း၏ အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အခန်း (၃) အပိုဒ် ၅ တို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ ပြည်ထဲရေးဝန်ကြီးဌာနဟု ထပ်မံအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အတွက် ကျနော့်ရဲ့

ပြင်ဆင်ချက် အဆိုများကို ထပ်မံတင်ပြရန်မရှိတော့ပါကြောင်း လေးစားစွာ တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ အထူးတင်ပြရန်မရှိပါ ဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လတ်တော်ရဲ့မူလအတည်ပြုချက် အတိုင်းကို ဥပဒေကြမ်းကော်မတီအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်သူ့လတ်တော်က ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုဖို့အတွက်ကို ဒေါ်စန္ဒာမင်းကလည်း တင်ပြပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း တင်ပြပါတယ်။ ပြင်ဆင်ချက်တင်ထားတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မြဦးကလည်း အရှေ့ပိုင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမှာ ပြည်ထဲရေးဝန်ကြီးဌာနလို့ ပြင်ဆင်ထားပြီးသားဖြစ်တဲ့အတွက် ပြောစရာမရှိတော့ဘူးလို့ ပြောပါတယ်။ နဂိုမူလကတော့ သက်ဆိုင်ရာဝန်ကြီးဌာနလို့ပြောထားတဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို ထည့်သွင်းရေးထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ကျန်တော်တို့အနေနဲ့ တိတိကျကျ ပြည်ထဲရေးဝန်ကြီးဌာနလို့ အဓိပ္ပာယ်ဖွင့်ဆိုပြီးဖြစ်သွားတဲ့အတွက် ကျန်တဲ့အပိုဒ်တွေမှာပါ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ပဲ ဖြစ်ဖို့ပဲရှိပါတော့တယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လတ်တော်က ပြင်ဆင်ရန်အတည်ပြုချက်နေရာမှာ နဂိုမူလက ဒေါ်စန္ဒာမင်းကလည်း ပြည်သူ့လတ်တော်ရဲ့ဆန္ဒအတိုင်း ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဖြစ်တဲ့အတွက် ပြည်သူ့လတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(က) နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကိုမည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ

ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်ဆိုတဲ့ ပြင်ဆင်ချက်အပိုဒ် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ဒီအတည်ပြုချက်အပိုဒ်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။အပိုဒ် ၆ အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း အခန်း(၃)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)မှာ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ(က)အရ အကြောင်းကြားလျှင် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်ဆိုတဲ့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို ကျွန်မအနေဖြင့် လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ ဘာကြောင့်လဲဆိုတော့ အပိုဒ် ၆ အပိုဒ်ခွဲ (က)မှာ ပါဝင်ထားတဲ့ ခုနကပဲ အတည်ပြုထားခဲ့တဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်လို့ ပြောထားတဲ့အတွက်ကြောင့် ဒီအပိုဒ် ၆ မှာပါရှိတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်က အလွန်သင့်မြတ်တာဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထောက်ခံပေးနိုင်ပါရန်နှင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။အပိုဒ် ၆ အပိုဒ်ခွဲ(ခ)နှင့် ပတ်သက်ပြီး တပ်မတော်သားကိုယ်စားလှယ်က တစ်ပါတည်းဆွေးနွေးသွားပြီး ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပေးပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားလေးပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ဒီအပိုဒ်ဖြစ်တဲ့ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)သည် ဒေါ်နန်းစေအွာကလည်းပဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးဖို့ တင်ပြသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပြုချက်အတိုင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤအပိုဒ် ၆ အပိုဒ်ခွဲ(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အပိုဒ် ၆ အပိုဒ်ခွဲ(ခ)သည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၇ အပိုဒ်ခွဲ(က)နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်း ဆက်လက်ဆွေးနွေးတင်ပြပါမယ်။ အမှတ်စဉ် ၁၀ မှာ သက်ဆိုင်ရာဝန်ကြီးဌာနကအဆိုပြု ပြဋ္ဌာန်းချက် ကို အစက ပြန်ဖတ်ပြပါမယ်။ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)အရ ကိုယ်ရံတော်အဖြစ်မှ ရပ်စဲပါက နိုင်ငံတော် သမတ တာဝန်ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသောကိုယ်ရံတော်၏နေရာတွင် ကိုယ်ရံတော် တစ်ဦး ဖြည့်စွက်ခန့်ထားရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမည်စာရင်းတင်သွင်း နိုင်သည်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့နေရာမှာ ပြည်ထဲရေး ဝန်ကြီးဌာနဆိုတဲ့ စကားရပ်ကို ပြောင်းလဲထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြည်ထဲရေး ဝန်ကြီးဌာနကို အတည်ပြုပေးဖို့ ထောက်ခံပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ်တင်ပြရရင် သမတကြီးက အငြိမ်းစားသမတကြီးဖြစ်တဲ့အတွက် သူ့အနေနဲ့ လုံခြုံရေးကိစရပ်တွေကို ပြည်ထဲရေး ရော၊ ကာကွယ်ရေးကရော ပူးတွဲဆောင်ရွက် ရတယ်ဆိုတဲ့ အနေအထားမှာ သမတကြီးက သွားလာတဲ့ အခါမှာ မိမိ မိသားစုနှင့်အတူ အေးချမ်း၊ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက်ဆိုပြီးတော့ ဒါအငြိမ်းစား သမတကြီးအတွက်ဖြစ်တဲ့အတွက် သမတကြီးက အပြင်သွားတဲ့အခါမှာ အငြိမ်းစား သမတကြီးအဖြစ်နဲ့ ပဲ သွားရတာဖြစ်ပါတယ်။ တာဝန်နဲ့သွားရတာမဟုတ်တဲ့အတွက် ကျွန်တော်တို့ လုံခြုံရေးနေရာမှာ ဒီလောက်ထိ အများကြီးတင်းကြပ်ဖို့လည်းမရှိပါဘူး။ ကျွန်တော်တို့နိုင်ငံက၊ ပြည်သူတွေက အငြိမ်းစား သမတကြီး

အဖြစ်လည်း နားလည်ကြပါတယ်။ ဒီအန္တရာယ်နဲ့ ပတ်သက်ပြီးတော့မှ လုံခြုံရေးကိစ္စမှာ ကာကွယ်ရေးနှင့် ပြည်ထဲရေး တွဲပြီးဆောင်ရွက်ရတယ်ဆိုတဲ့အခါမှာ ပြည်ထဲရေးက လုံခြုံရေးကို တကယ်တာဝန်ကျေစွာထမ်းဆောင်နိုင်တဲ့အဆင့်ရှိတယ်လို့ပဲ ကျန်တော်လည်း မှတ်ယူပါတယ်။ အဲဒီအတွက် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့မှ ဒါဟာ လတ်တော်က အတည်ပြုတဲ့အတိုင်း ကျန်တော်တို့အနေနဲ့ ကောင်းမွန်တယ်လို့ယူဆပါတယ်။ အဲဒီအတွက် အခု လက်ရှိအပိုဒ်မှ အခြားအပိုဒ်များမှလည်း သက်ဆိုင်ရာဝန်ကြီးဌာနလို့ သုံးတဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာနလို့ ပြောင်းလဲပြင်ဆင်ခြင်းဟာ သင့်လျော်ပါတယ်လို့ ကျန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ပြည်သူ့လတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီအပိုဒ်နှင့်စပ်လျဉ်းပြီး တပ်မတော်သားကိုယ်စားလှယ်ကလည်း တစ်ပေါင်း တည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါ ခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ အဆိုပြုချက်တွေနဲ့ ပတ်သက်ပြီးတော့ ဒီ Logical Sequence အရ မနေ့က ဆွေးနွေးတဲ့ဟာရဲ့ နောက်ဆက်တွဲလည်း ဖြစ်တဲ့အတွက် ကျန်တော်တို့က ထပ်မံပြီးတော့ မပြောတော့ပါဘူး။ စောစောက ဒီလုံခြုံရေးကိစ္စနှင့် ပတ်သက်ပြီးလည်းပဲ နည်းနည်းလေးတင်ပြခွင့်ပြုပါခင်ဗျား။ ကျန်တော်တို့ သမတကြီးတာဝန်ထမ်းဆောင်တဲ့ကာလအတွင်းမှာ နှစ်ပေါင်း ၆ဝ ကျော် ကျန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခကာလတွေ ယနေ့ထိ ဖြတ်သန်းဆဲဖြစ်ပါတယ်။ ဒါတွေဟာ ကျန်တော်တို့ သတိထားရမယ့်ကိစ္စ၊ လုံခြုံရေးလို့ဆိုလိုက်တိုင်းမှာ ဒီဟာတွေအားလုံးသတိထားရမယ့်ကိစ္စဖြစ်တဲ့အတွက် မူလက ကျန်တော်တို့ ဒီလိုလျာထားပြီးတင်ပြ ခြင်းဖြစ်ပါတယ်။ ဒါလေးပဲရှင်းပြလိုပါတယ်။ ကျန်တဲ့ကိစ္စတော့ ဒီလတ်တော်ရဲ့အဆုံးအဖြတ်အတိုင်းပါပဲ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကိုထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အပိုဒ် ၇ အပိုဒ်ခွဲ(က)ဟာ ဦးခိုင်မောင်ရည် တင်ပြသွားတာလည်းပဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကလည်းပဲ ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထောက်ခံသွားတာဖြစ်ပါတယ်။ နောက် အခု အပိုဒ် ၇ ရဲ့ အပိုဒ်ခွဲ(က)သည် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုရန်အတွက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ ကန့်ကွက်ရန် မရှိတဲ့အတွက် အပိုဒ် ၇ အပိုဒ်ခွဲ(က)သည် ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာ ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၇ အပိုဒ်ခွဲ(ခ) ဆွေးနွေးရန်အတွက် ဦးခိုင်မောင်ရည်ကို ထပ်မံဖိတ်ခေါ် ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၁၁ ကို ဆက်လက်တင်ပြဆွေးနွေးသွားပါမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲအရ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်ဆိုတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနနေရာမှာ ပြည်သူ့လွှတ်တော်က ပြည်ထဲရေး ဝန်ကြီးဌာနဆိုပြီးတော့ ပြောင်းလဲထားပါတယ်။ အပေါ်က တင်ပြခဲ့တဲ့အချက်တွေလိုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့က ဒီနေရာမှာပြောလိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီး ဌာနကို ဝန်ကြီး၊ ဒုတိယဝန်ကြီးများတာဝန်ယူဖို့အတွက် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းရတာ ဖြစ်ပါတယ်။ ဒီ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ကာကွယ်ရေးက တိုက်ရိုက်ကွပ်ကဲ နေတဲ့ အဖွဲ့အစည်းအဖြစ် ကျွန်တော်တို့က ယူဆလို့ရပါတယ်။ အဲဒီအနေအထားနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ လိုအပ်ရင် တပ်မတော်က ပံ့ပိုးကူညီဖို့ ရနိုင်ပါတယ်။ အဲဒီအတွက် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ပေးခြင်းဟာ သင့်လျော်တဲ့တာဝန် ပေးခြင်းဖြစ်ပါတယ်။ အကယ်၍ လုံခြုံရေးအရ လိုအပ်တဲ့အစိတ်အပိုင်းတွေ တပ်မတော်က ပါဝင် ကူညီဆောင်ရွက်ပေးဖို့ကိစ္စတွေရှိခဲ့မယ်ဆိုရင်လည်း တပ်မတော်က ဆောင်ရွက်ပေးလို့ရပါတယ်လို့

ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီအတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ်ကတော့ တစ်ပေါင်းတည်း ဆွေးနွေးထားပြီး သားဖြစ်ပါတယ်။ ဒီနေရာမှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထား ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ အထူးတင်ပြရန် မရှိပါ ဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော်တို့ ဦးခိုင်မောင်ရည်တင်ပြသွားတဲ့ကိစ္စလေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တစ်ဆက်တစ်စပ်တည်း အနည်းငယ်တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရဲ့ အခြေအနေအရ ပြည်ထဲရေးဝန်ကြီးဌာနချည်းပဲပေးမယ်ဆိုရင် ဒါစဉ်းစားဖို့အချက်ကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနက ပြောသွားပါတယ်။ သို့သော်လည်းပဲ ဒါသည် ကျွန်တော်တို့ တင်ပြရမယ်ဆိုရင် ဦးခိုင်မောင်ရည် စောစောက တင်ပြသလို ဥပဒေအကိုးအကားအရဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၈ မှာဆိုလို့ ရှိရင် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက် တွင်ရှိရမည်ဆိုပြီးတော့ အချက်တစ်ချက် ဖော်ပြထားပါတယ်။ လိုအပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဆောင်ရွက်ခွင့်ရှိပြီးသား ဖြစ်တယ်ဆိုတဲ့အကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ အတွက် ဒါသည် စိုးရိမ်စရာလိုအပ်မှုမရှိကြောင်းကို ဒီတစ်ချက် ဦးစွာပထမတင်ပြလိုပါတယ်။ ဥပဒေပိုင်းနှင့် ပတ်သက်လို့ အခု ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီက ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုဆွေးနွေးခဲ့တဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဦးခိုင်မောင်ရည်က ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုဖို့ တင်ပြသွားပါတယ်။ အခု ဦးခိုင်မောင်ရည်ရဲ့တင်ပြချက်အတိုင်း၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာရန်အတွက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အပိုဒ် ၇ အပိုဒ်ခွဲ(ခ)သည် ဦးခိုင်မောင်ရည်ရဲ့တင်ပြချက်အတိုင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းအတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးရှင့်။ ကျွန်မအနေနဲ့ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ အပိုဒ် ၈ ကို ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ အဆိုပြု မူလပြဋ္ဌာန်းချက်ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူကို လည်းကောင်း၊ ယင်း၏နေအိမ်နှင့် ပရဝဏ်ကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စောင့်ရှောက်ရန်နှင့် လိုအပ်သည်များဆောင်ရွက်ပေးရန် သင့်လျော်သော အင်အားဖြင့် ဖွဲ့စည်းထား သော ကိုယ်ရံတော်အဖွဲ့ကို တာဝန်ပေးအပ်ရမည်ဟု မူလပြဋ္ဌာန်းချက်မှာ ပြဋ္ဌာန်းထားပါတယ်။ ကျွန်မ တို့အနေနဲ့ ပြင်ဆင်လိုတာကတော့ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမတတာဝန် ထမ်းဆောင်ခဲ့သူကိုလည်းကောင်း၊ ယင်း၏နေအိမ်နှင့် ပရဝဏ်ကို လည်းကောင်း ကာကွယ်စောင့်ရှောက်ရန် လုံခြုံ ရေးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်ရမည်ဟု ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မတို့အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတာကို ပြည်ထဲရေးဝန်ကြီးဌာနအဖြစ် အစား ထိုးဖို့ရာအတွက် သဘောတူပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်မရဲ့ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါ ရန်အတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုအပိုဒ်နှင့် ပတ်သက်ပြီး တပ်မတော်သားကိုယ်စားလှယ်က တစ်ပေါင်းတည်း ဆွေးနွေးသွားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြော ပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ရန် အတည်ပြု ချက်နှင့် ပတ်သက်ပြီးတော့ အထူးတင်ပြရန် မရှိတော့ပါဘူး။ သို့သော်လည်းပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ လှပတဲ့အချက်ကလေးတစ်ချက်ကို တင်ပြလိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ဝန်ကြီးအတွက် အမည်စာရင်းတင်သွင်းတာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းပြီး နိုင်ငံတော်သမ္မတက ခန့်အပ်တာဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပဲ ပြည်ထောင်စုဝန်ကြီးတွေဟာ နိုင်ငံတော်သမ္မတကို တာဝန်ခံရမယ်လို့ ရေးသားထားတာဖြစ်ပါတယ်။ အလွန်လှပတဲ့စာပိုဒ် ကလေးကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အင်မတန်သတိထားသင့်တဲ့အပိုဒ်ကလေးကို ကာကွယ်ရေး ဝန်ကြီးဌာနက တင်ပြသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို ဥပဒေကြမ်းကော်မတီ ကလည်း ထောက်ခံသွားပြီး ဖြစ်ပါတယ်။ အခု အပိုဒ် ၈ သည် ဒေါ်ခင်စန်းလှိုင်ရဲ့ တင်ပြချက်အရ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန်အတွက် လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ယခုအပိုဒ် ၈ သည်

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး အဆို တင်သွင်းဖို့အတွက် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၃ အပိုဒ် ၉ ပါ နဂိုအဆိုပြု ပြဋ္ဌာန်းချက်က ကိုယ်ရံတော်သည် နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ နေအိမ်ပြင်ပသို့ သွားသည့်အခါ မိမိနှင့်အတူ သင့်လျော်သော ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါလျက် ကာကွယ် စောင့်ရှောက်ရမည်လို့ ပြောထားပါတယ်။ ဒါကို ကျွန်မက နေအိမ်ပြင်ပသို့သွားလာသည့်အခါ ဆိုသည့် နေရာမှာ ကျွန်မက ပြည်တွင်း၌သွားလာသည့်အခါဆိုတဲ့ စကားလုံးအသုံးအနှုန်းကို ပြောင်းလဲလိုပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်း၌ သွားလာသည့်အခါ ဆိုတဲ့ စကားလုံးအသုံးအနှုန်းဟာ အဓိပ္ပာယ်ပိုမိုကျယ်ပြန့်ပါတယ်။ ဒါကြောင့် ကျွန်မက အဆိုပြုတင်ပြချင်တာကတော့ ကိုယ်ရံတော်သည် နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ်စောင့်ရှောက် ရမည်လို့ စကားလုံးပြင်ဆင်လိုပါတယ်။ ဒါကြောင့်ပြည်သူ့လွှတ်တော်က တင်ပြထားတဲ့အတိုင်း အတည်ပြုပြဋ္ဌာန်းပေးပါရန် အဆိုတင်သွင်း ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြင်ဆင်အဆိုတင်သွင်းထားတဲ့ ဒေါ်စန္ဒာမင်းက အပိုဒ် ၉ သည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပြဋ္ဌာန်းပေးပါရန် အဆိုပြုတင်ပြသွားတာ ဖြစ်ပါတယ်။ ယခုအဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်မရှိတဲ့အတွက် အပိုဒ် ၉ သည် ဒေါ်စန္ဒာမင်း၏ တင်ပြချက်အရ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်တင်သွင်းဖို့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၁၄ အခန်း ၄ အပိုဒ် ၁၀ ကို ကျွန်မတို့

ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ဒီဟာရဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်ကတော့ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမတအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တာဝန်အရ ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအားတရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရဟု မူလပြဋ္ဌာန်းခဲ့ပြီး ပြည်သူ့လတ်တော်ရဲ့အတည်ချက်ကတော့ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင် ခဲ့သူအား နိုင်ငံတော် သမတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရဟု ပြည်သူ့လတ်တော် အားအတည်ပြုပါတယ်။ ကျန်မအနေနဲ့ ပြည်သူ့လတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်။ သို့သော်လည်းပဲ ပြည်သူ့လတ်တော်ရဲ့အတည်ပြုချက်မှာ ရေးသားချက်ဟာ ဥပဒေရေးထုံးရေးနည်း အရ ကျစ်လစ်သိပ်သည်းမမရှိတဲ့ အတွက်ကြောင့် ကျန်မ ဒါလေးကို ပြန်ပြီးတော့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျန်မရဲ့ပြင်ဆင်ချက်ကတော့ နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော် သမတအဖြစ်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့မရှိစေရဟု ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျန်မ ဒီနေရာမှာ မူလပြဋ္ဌာန်းချက်မှာ ဥပဒေနှင့်အညီဆိုတဲ့စကားရပ်မပါခဲ့ဘဲနဲ့ ကျန်မတို့ ပြည်သူ့လတ်တော် က ပြင်ဆင်ကြတဲ့အချိန်မှာ ဥပဒေနဲ့အညီဆိုတဲ့စကားရပ်ကို ကျန်မတို့ထည့်သွင်းခဲ့ပါတယ်။ ဒီလို ထည့်သွင်းခဲ့ရတဲ့ အကြောင်းအရင်းကတော့ ကျန်မတို့ ဒီဥပဒေဟာ သမတကြီးကို Honour လုပ်တဲ့အနေနဲ့ ရေးဆွဲတဲ့ ဥပဒေဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅ မှာလည်း သမတကြီး အနေနဲ့ မိမိအားအပ်နှင်းထားတဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းအတွက် တာဝန် မရှိစေရဆိုပြီး အကာအကွယ်ပေးပြီးဖြစ်ပါတယ်။ တကယ်ဆိုရင် ဒီဥပဒေဟာ ပြဋ္ဌာန်းဖို့ရာတောင် မလိုပါဘူး။ ဘာကြောင့်လဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရကိုက သမတကြီးကို ကျန်မတို့ အကာအကွယ်ပေးပြီး ဖြစ်ပါတယ်။ သို့သော်လည်းအခုကျန်မအထက်ကနေပြီးတော့ တင်ပြသလိုပါပဲ။ သမတကြီးကို Honour လုပ်တဲ့အနေနဲ့ ပြဋ္ဌာန်းဖို့ရာအတွက် ရေးဆွဲတဲ့ဥပဒေဖြစ်နေတဲ့အတွက်ကြောင့် မို့လို့ ကျန်မတို့ ဒီထဲမှာ အခုဥပဒေနဲ့အညီ ဆိုတဲ့စကားရပ်လေးကို ကျန်မတို့ထည့်သွင်းလိုက်ခြင်း ဖြစ်ပါတယ်။ အဲတော့ မြန်မာနိုင်ငံရဲ့ သမတတစ်ယောက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့နိဒါန်းနဲ့ အခြေခံပါမူတိုင်း လောကပါလတရားကို စောင့်ထိန်းနိုင်ရန်နှင့် မိမိရဲ့ဆောင်ရွက်ချက်များအား ဥပဒေနဲ့အညီဖြစ်ကြောင်း ကမာနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများကို တာဝန်ယူ၊ တာဝန်ခံ ပြသနိုင်မှသာ

ထိုက်တန်တဲ့ဂုဏ်သိက္ခာတို့ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီမညွတ် ဆန့်ကျင်မမဖြစ်စေရန်အတွက်လည်းကောင်း၊ ဥပဒေနဲ့အညီဆိုပြီးစကားရပ်ကို ထည့်သွင်းသင့်ပါကြောင်း တင်ပြရင်းနဲ့ ကျန်မရဲ့ ပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆို တင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၁၀ နဲ့ပတ်သက်ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးစဉ်ကလည်း ကျန်တော်အနေနဲ့ ပယ်ဖျက်ပေးဖို့ တင်ပြခဲ့ပါတယ်။ အခုလည်း ကျန်တော်အနေနဲ့ ပယ်ဖျက်ပေးဖို့ ဆက်ပြီးတော့ ဆွေးနွေးသွားပါ့မယ်။ တကယ်လို့ မအောင်မြင်ရင်လည်း နောက်ထပ်အခွင့်အခါရရင် ထပ်ဆင့်ပြီးတော့ ပယ်ဖျက်ပေးဖို့ ကျန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ ကျန်တော်တို့လွှတ်တော်က ထူးခြားတဲ့ဥပဒေတွေဟာ နောင်အစဉ်သဖြင့် တည်တံ့ခိုင်မြဲတဲ့ကောင်းမွန်တဲ့ ဥပဒေတွေကို ဖြစ်စေချင်တဲ့ စေတနာနဲ့ ရည်ရွယ်ပြီးတော့ ဒီလိုပယ်ဖျက်ဖို့ တင်ပြရခြင်းဖြစ်ပါတယ်။ ပြီးတော့ ကျန်တော်ဒီမှာ ပထမတစ်ချက်တင်ပြလိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅ ကိုစပါ။ အဲဒီ ၂၁၅ မှာ ဘယ်လိုပြဋ္ဌာန်းထားလဲဆိုတော့ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်သော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မသို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုလုပ်ခဲ့သောအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မှ ဖြေရှင်းခွင့်တာဝန်မရှိစေရ။ ဆိုလိုတာက နိုင်ငံတော်သမ္မတသည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတမှာပဲ ဒီဥပဒေနဲ့အကျုံးဝင်တယ်၊ ဒီပုဒ်မနဲ့အကျုံးဝင်ပါတယ်။ နိုင်ငံတော်သမ္မတမဟုတ်တဲ့အခါမှာ ဒီလိုအကာအကွယ်မျိုး ပေးစရာမလိုပါဘူး။ ဒါကြောင့် ဒါဟာ အခုနက ပြောဆိုချက်မှာ အဲဟာကို ကျန်တော်တို့က ဒီပုဒ်မဟာ နိုင်ငံတော်လက်ရှိ သမ္မတဖြစ်နေတဲ့ အချိန်အတောအတွင်းမှာ သူ့ကို တရားမစွဲဖို့ ကာကွယ်ထားတဲ့အပိုင်းသာဖြစ်ပါတယ်။ ဒီပုဒ်မကို အခြေခံပြီးတော့ သမ္မတဟောင်းကို တရားမစွဲရဘူးဆိုတဲ့ ဒီလိုအတွေးအခေါ်မျိုးကို ကျန်တော်တို့ မှားယွင်းသွားမှာစိုးလို့ အဲဒီအပိုဒ်ဟာ သမ္မတအတွက်သီးသန့်ပြဋ္ဌာန်းထားတာအပိုဒ်ဖြစ်လို့ ဒီဥပဒေနဲ့ မသက်ဆိုင်ပါဘူးလို့ ကျန်တော်ပြောချင်ပါတယ်။ ဒီတော့ ဒီဥပဒေမှာ ကျန်တော်တို့ အဲနေ့က

ပြည်ထဲရေးဒုတိယဝန်ကြီးက ဥပဒေနဲ့အညီစကားလုံးကို ထည့်သွင်းဖို့အကြံပေးပါတယ်။ အဲဒါကို ကျန်တော်တို့ လတ်တော်က အတည်ပြုခဲ့ပါတယ်။ အဲမှာ ဥပဒေနဲ့အညီဆိုတဲ့စကားက ဘယ်လောက် ထူးခြားသွားလို့လဲ။ ကျန်တော်တို့ပြောချင်တာက ဥပဒေနဲ့မညီရင်တော့ သမတကြီးကို မဟုတ်ဘူး ဘယ်သူကိုမဆို တရားစွဲလို့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၃ မှာ အဲလိုပြဋ္ဌာန်းထားပါ တယ်။ ပုဒ်မတစ်ခုကို ကျူးလွန်မယ်ဆိုရင်၊ အပြစ်တစ်ခုကို ကျူးလွန်မယ်ဆိုရင် မည်သူ့ကိုမဆို တရား ဥပဒေအရ အရေးယူနိုင်ခွင့်ရှိတယ်ဆိုတဲ့ဟာကို ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဒီတော့ ဥပဒေနဲ့အညီဆို တဲ့စကားကို ဒီနေရာသုံးသပ်ခြင်းအားဖြင့် ဒါဥပဒေကအသစ်အဆန်းလို့ ထင်စရာရှိပေမယ့် ဥပဒေနဲ့ မညီရင်တော့ ဘယ်သူကိုမဆိုတရားစွဲနိုင်တယ်ဆိုတဲ့အတွက်နဲ့ ဒါဟာထည့်သွင်းစရာလိုအပ်တဲ့ အကြောင်းအရာမဟုတ်ပါဘူး။ ကျန်တော့်အနေနဲ့ ဒါဥပဒေနဲ့အညီဆိုတဲ့ စကားလုံးကို ထည့်သွင်းထား လို့ ဘာမှမထူးတဲ့အတွက် အဲလိုထပ်ပြီးတော့ ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ သမတဟာ မိမိရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးတဲ့နေရာမှာ သူကအဂတိတရားလိုက်စားမယ်။ လာဘ်ပေးလာဘ်ယူ လုပ်မယ်။ ဒါမျိုးတွေရှိလာနိုင်ပါတယ်။ ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ အရ ပြည်ထောင်စု ဝန်ကြီးကို ခန့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ(ခ)အရ ပြည်နယ်ဝန်ကြီးချုပ်ကို ခန့်မယ်။ အဲဒီ အချိန်အခါမှာ လာဘ်ပေးလာဘ်ယူမှုတို့၊ အဂတိတရားတို့ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒါကြောင့် ကျန်တော်တို့က ဥပဒေနဲ့အညီဆိုတဲ့စကားမှာ တရားစွဲဆိုတဲ့အခါမှ ဒါပေါ်လာမယ့်ကိစ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်တော်တို့က ဒီလိုအခြေအနေမျိုးမှာ သမတကြီးတာဝန်ထမ်းဆောင် ခဲ့တဲ့ပုဂ္ဂိုလ်မျိုးကို ဥပဒေနဲ့အညီ ဆိုတဲ့စကားလုံးနဲ့ကာကွယ်ပေးလို့လည်း မသင့်တော်ပါဘူး။ ဘာပဲ ဖြစ်ဖြစ် သူ့ကို သာမန်ပုဂ္ဂိုလ်တစ်ယောက်လိုပဲ အပြစ်ကျူးလွန်ခဲ့တဲ့ကိစတွေကို ကျန်တော်တို့ တရားစွဲ ဆိုနိုင်တဲ့ အခြေအနေမျိုးရှိရပါမယ်။ အဲဒါကြောင့် ဥပဒေနဲ့အညီဆိုတဲ့ စကားဟာလည်း ပိုမို မထူးခြားလာတဲ့အတွက်နဲ့ သမတတစ်ယောက်ကို တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်က ဘယ်လိုသမတ မျိုးကိုမဆို အခု အစဉ် နောင်လာမယ့်သမတ၊ နောင်အဆက်ဆက်လာမယ့်သမတတွေအတွက် ရည်ရွယ်ပြီးတော့ ကျန်တော်တို့ တရားစွဲဖို့ အပြစ်ရှိရင် စွဲကို စွဲရမှာဖြစ်ပါတယ်။ ဘယ်လိုဥပဒေနဲ့မှ ကာကွယ်ပေးလို့ မသင့်တော်ပါဘူး။ နိုင်ငံတကာမှာလည်း အဲလိုပဲ ကာကွယ်ပေးတာဆိုတာ မရှိပါဘူး။ ဒါကြောင့် ကျန်တော်အနေနဲ့ ဖျက်သိမ်းပေးဖို့ ကျန်တော်တို့အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**မူကြမ်း**

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့ မြေပုံမဲဆန္ဒနယ်က ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတဲ့ အချက်မှာ အချက်နှစ်ချက်ပါဝင်ကြောင်း တွေ့ရပါတယ်။ ပထမတစ်ချက်ကတော့ ဥပဒေနဲ့အညီဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ ဒီဥပဒေနှင့်အညီ ဆိုတဲ့စကားရပ်ကို ကျန်တော်တို့ ဘာကြောင့်ထည့်သွင်းရသလဲဆိုလို့ရှိရင် ပုဒ်မ ၂၁၅ မှာ နိုင်ငံတော်သမတက ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း အဲ့ဒီ နှစ်ခုစလုံးကိုပေါင်းပြီးတဲ့အခါမှာ ကျန်တော်တို့ကဥပဒေနှင့် အညီဆိုတဲ့စကားကို နံပါတ်(၁) ထည့်သွင်းရခြင်းဖြစ်ပါတယ်။ နံပါတ်(၂) ပုဒ်မ ၂၁၅ မှာနိုင်ငံတော်သမတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မ သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေ ဖြင့် ပြုလုပ်ခဲ့သော ပြုလုပ်မအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးနှင့်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ။ သို့ရာတွင် ဤကဲ့သို့တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမတအား ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ ကျန်တော်တို့ အခု ဒီဥပဒေကြမ်း၏အခန်း ၄ အပိုဒ် ၁၀ မှာဆိုလို့ရှိရင် သေသေချာချာ ဖတ်ကြည့်မယ်ဆိုလို့ရှိရင် အဓိပ္ပာယ်ပေါ်လွင်ပါတယ်။ နိုင်ငံတော်သမတက တာဝန်ဋ္ဌာန်းဆောင်ခဲ့သူအား နိုင်ငံတော်သမတအဖြစ်တာဝန်ဋ္ဌာန်းဆောင်ခဲ့သည့်ကာလအတွင်း ဒီနိုင်ငံတော်သမတတာဝန် ထမ်းဆောင်တဲ့ကာလအတွင်းမှာ တာဝန်အရဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို အကြောင်း ပြုလျက် ယင်းအားတရားစွဲဆိုခြင်း၊ အရေးယူခြင်းတို့မရှိစေရဆိုပြီးတော့ ပုဒ်မ ၂၁၅ ကို အမှီပြု ပြီးတော့ ကျန်တော်တို့ဟာ ၎င်းသမတထမ်းဆောင်စဉ်က ဆောင်ရွက်ချက်တွေကို ကျန်တော်တို့

ဆောင်ရွက်ခြင်းမပြုရဆိုပြီးတဲ့ဟာကို အရေးယူခြင်းတို့မရှိစေရဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျန်တော်တို့အနေနဲ့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလိုင်ရဲ့ပြင်ဆင်ချက်ဖြစ်တဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမတအဖြစ်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တာဝန်အရဥပဒေများနှင့်အညီ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကျန်တော်တို့အကြောင်းပြုလျက်ဆိုတဲ့ နေရာမှာ စပ်လျဉ်း၍ထည့်လိုက်ပါတယ်။ ယင်းအား တရားစွဲဆိုခြင်းနှင့်အရေးယူခြင်းတို့မရှိစေရဆိုတဲ့ ဟာမှာ အဓိပ္ပာယ်ပိုမိုပြီးတော့ ကျယ်ပြန့်စေပါတယ်။ ဥပဒေရေးထုံးနှင့်လည်းညီတဲ့အတွက် ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလိုင်ရဲ့အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလိုင်နဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့က ပြင်ဆင်ချက်အဆိုများတင်သွင်းထားခဲ့တာ ဖြစ်ပါတယ်။ ပထမဦးစွာ ဒေါ်ခင်စန်းလိုင်ရဲ့ ပြင်ဆင်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ကန့်ကွက်ရန်မရှိဘဲ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံထားတာဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ဥပဒေကြမ်းကော်မတီရဲ့ထောက်ခံချက်အရ ဒေါ်ခင်စန်းလိုင်ရဲ့ ပြင်ဆင်ချက်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့ရဲ့ပြင်ဆင်ချက်အဆိုကို အတည်ပြုချက်ကို မဲခွဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ အကယ်၍ ထောက်ခံဆန္ဒမဲများမယ်ဆိုရင် ဒေါ်ခင်စန်းလိုင်ရဲ့ပြင်ဆင်ချက်အဆိုအတည်ဖြစ်ပါမယ်။ အကယ်၍ ကန့်ကွက်မဲများမယ်ဆိုရင်တော့ မြေပုံမဲဆန္ဒနယ်က ဦးဖေသန်းရဲ့ ပြင်ဆင်ချက်အဆိုက အတည်ဖြစ်ပါမယ်။ ဒါကြောင့် ဆန္ဒမဲပေးပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ အားလုံးဆန္ဒမဲပေးဖို့အတွက် အသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ ၃၁၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၅ မဲနှင့် ကြားနေဆန္ဒမဲ ၁၃ မဲဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဒေါ်ခင်စန်းလိုင်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ ယခု အတည်ဖြစ်ပြင်ဆင်ချက်အဆိုသည် ဥပဒေကြမ်းကော်မတီ ကလည်း ထောက်ခံထားတာဖြစ်တဲ့အတွက် ဒေါ်ခင်စန်းလိုင်ရဲ့အဆိုသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ထပ်မံအတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၁ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော့်အနေနဲ့ အမှတ်စဉ် ၁၅ ကို ဆက်လက်တင်ပြပါ့မယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း(၃)အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်သမတရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရာသက်ပန်ခံစားခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်အတည်ပြုချက်မှာ ရာသက်ပန်ဆိုတဲ့စကားရပ်ကို ဖြုတ်ထားပါတယ်။ အဲဒီအတွက် ကျန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကိုလည်းပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်က ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထောက်ခံသွားသလိုပဲ ဥပဒေကြမ်းကော်မတီကလည်း ဦးခိုင်မောင်ရည်ရဲ့အတည်ပြုချက်အတိုင်းပဲ ထောက်ခံကြောင်း တင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့် ဦးခိုင်မောင်ရည်ရဲ့တင်ပြချက်အတိုင်းပဲ ကျန်တော်တို့ရဲ့ အခန်း(၅) အပိုဒ် ၁၁ သည် ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ရန် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၁ သည် ဦးခိုင်မောင်ရည်ရဲ့တင်ပြချက်အတိုင်း ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဖြစ်တဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေအခန်း(၃)အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်

သမတရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်ဆိုတဲ့အဆိုအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၂ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကို ထပ်မံဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၁၆ ကို ဆက်လက်တင်ပြဆွေးနွေးလိုပါတယ်။ ဒီနေရာမှာ အဆိုပြုပြဋ္ဌာန်းချက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကိုယ်ရံတော်အဖွဲ့၏အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။ ဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနသည်ဆိုတဲ့စကားရပ်ရယ်၊ ကိုယ်ရံတော်အဖွဲ့ဆိုတဲ့စကားရပ်ကို ပြည်သူ့လွှတ်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လုံခြုံရေးအဖွဲ့လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထောက်ခံပါတယ်။ ဒီနေရာမှာ အနည်းငယ်တင်ပြချင်တာက စောစောက ပြည်ထဲရေးဝန်ကြီးဌာနကို ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းရတဲ့ကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနခန့်အပ်တာတွေကို အနည်းငယ် ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းချင်ပါတယ်။ ဒုတိယဝန်ကြီးအနေနဲ့ စောစောကပြောသွားတာလည်း မှန်ပါတယ်ခင်ဗျား။ ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ ခန့်အပ်ဖို့အတွက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၃၂ (က)အရ နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်ဆိုပြီး ဖော်ပြထားပါတယ်။ အဲဒီမှာ ၂၃၂(ခ)မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်ဆိုပြီးတော့ (၁)၊ (၂) အပိုင်းတွေမှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏အမည်စာရင်းကို ရယူရမည်။ အပိုဒ် ၃ မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပါရှိပါတယ်။ ထို့အပြင် အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းတို့ကိုစုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ နိုင်ငံတော်

သမတက ခန့်အပ်တာဖြစ်ပါတယ်။ သို့သော် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်အရ ခန့်အပ်တာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အရည်အချင်းနဲ့ ပြည်ထောင်စုဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးဖို့ သဘောတူညီချက်မရရှိတဲ့ကိစမျိုးလည်း ရှိနိုင်ပါတယ်။ ဒါကတော့ ပြည်ထောင်စုလွှတ်တော်ရဲ့သဘောလည်း ပါပါတယ်။ သို့သော် အားလုံးပြီးသွားတဲ့အချိန်ကျမှ အပိုဒ်ခွဲ (စ)မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့်ပုဂ္ဂိုလ်များ အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်လို့ ပါပါတယ်။ ဒီနေရာမှာ ကာကွယ် ရေးဦးစီးချုပ်က တင်သွင်းတဲ့သူတွေ ဒါဟာအခရာဖြစ်ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်က မည်သူ့ကို ဝန်ကြီး၊ ဒုတိယဝန်ကြီးခန့်ဖို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီး ဌာနအတွက် သင့်လျော်သလို အရင်ဆုံး၊ ဦးဆုံးရွေးချယ်ရသူဖြစ်ပါတယ်။ ဒီအတွက် ကာကွယ်ရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ရွေးချယ်မှုကို ကျန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီ အတွက် အခု ပြည်ထဲရေးဝန်ကြီးဌာနနှင့် လုံခြုံရေးအဖွဲ့လို့ ပြင်ထားတဲ့စကားရပ်များကို ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ပြင်ဆင်ချက်အား လက်ခံပေးဖို့ လွှတ်တော်သို့ တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ တပ်မတော်သားကိုယ်စားလှယ်က တပေါင်းတည်း ဖြေဆို သွားပြီးသားဖြစ်တဲ့အတွက်၊ တင်သွင်းသွားပြီးသားဖြစ်တဲ့အတွက် ထပ်မံမေးမြန်းခြင်းမပြုတော့ပါဘူး။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြရန်ရှိသော်လည်း Constitution ကို Debate ဖြစ်သွားမှာ စိုးလို့ ကျန်တော်ဆက်ပြီး တင်ပြရန်မရှိတော့ပါဘူး။ ဒီဥပဒေနှင့်ပတ်သက်၍ အထူးတင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကိုလည်း ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ကို ထောက်ခံပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခိုင်မောင်ရည်က ပြည်သူ့လတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုဖို့အတွက် အဆိုတင်သွင်းပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုဖို့ ဦးခိုင်မောင်ရည်ရဲ့တင်ပြချက်ကို လတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ သည် ပြည်သူ့လတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးရှင်။ စာမျက်နှာ ၆ အမှတ်စဉ် ၁၇ အပိုဒ် ၁၃ မှာ အဆိုပြုမူလပြဋ္ဌာန်းချက်ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလိုပြောင်းရွှေ့ခြင်းနှင့် နေရာချထားခြင်းတို့ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပြီး ပြည်သူ့လတ်တော် ရဲ့အတည်ပြုချက်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလိုပြောင်းရွှေ့ နေရာချထားခြင်းပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ကျန်မအနေနဲ့ ပြည်သူ့လတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဒုတိယဥက္ကဋ္ဌကြီးမှအတည်ပြု ပေးနိုင်ပါရန်အတွက် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုအပိုဒ်နှင့်စပ်လျဉ်းပြီး တပ်မတော်သားကိုယ်စားလှယ်ကလည်း ရှင်းလင်းတင်ပြသွားပြီးသားဖြစ်တဲ့အတွက် ထပ်မံမေးမြန်းခြင်း မပြုတော့ပါဘူး။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြရန်မရှိပါဘူးခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ကို ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အခု အပိုဒ် ၁၃ သည် ဒေါ်ခင်စန်းလှိုင်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးရန် အဆိုတင်သွားတာဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့အဆို ဖြစ်တဲ့ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၁၄ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ အမှတ်စဉ် ၁၈ အပိုဒ် ၁၄ ပါ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့် ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်လို့ အဆိုပြုထားပါတယ်။ ဒါကို ကျွန်မတို့က နဂိုကတည်းကိုက သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်မတို့အားလုံး သဘောတူညီထားတဲ့ အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနလို့ ပြောင်းလဲခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဤဥပဒေပါပြဋ္ဌာန်းချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်လို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့အတိုင်း တင်ပြပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၁၄ နှင့်စပ်လျဉ်းပြီး တပ်မတော်သားကိုယ်စားလှယ်ကလည်း ဆွေးနွေးပြီးဖြစ်တဲ့အတွက် ထပ်မံမေးမြန်းခြင်းမပြုတော့ပါဘူး။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘော ထားကိုပြောပါခင်ဗျား။

**မူကြမ်း**

**ဗိုလ်မှူးချုပ်အောင်သော်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးရေးဝန်ကြီးဌာန)။** ။ တင်ပြရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကိုပြောပါခင်ဗျား။

**(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၅) အပိုဒ် ၁၄ ကို ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုဖို့ အတွက် ထောက်ခံတင်ပြဆွေးနွေးသွားတာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း ပြန်လည် ထောက်ခံဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၄ နှင့် စပ်လျဉ်းပြီး ဒေါ်စန္ဒာမင်းရဲ့ အဆိုတင်သွင်းချက်အတိုင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ဖြစ်တဲ့ အပိုဒ် ၁၄ ကို အတည်ပြုရန်အတွက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်စန္ဒာမင်းတင်ပြချက် အတိုင်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံတော်သမတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့တဲ့ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၂)ချက်ကို လွှတ်တော်က သဘော

မတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲတဲ့အချက်များအား ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါကြောင်း တမူးမဲဆန္ဒနယ်မှ ကျွန်တော် ဦးခင်မောင်ရေ က အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပြန်လည်ပေးပို့လာသော နိုင်ငံတော်သမတတာဝန်ထမ်းဆောင် ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အချက် များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါကြောင်း တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရေ၏ အဆိုတင်သွင်းခြင်းအား မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခင်မောင်ညို က ထောက်ခံအပ်ပါ တယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုတင်သွင်းခဲ့တဲ့ အချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော နိုင်ငံတော်သမတတာဝန်ထမ်းဆောင် ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘော

ကွဲလွဲတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီက သုံးသပ်အကြံပြုချက်ကို တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(အတွင်းရေးမှူး၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကြွရောက်လာကြသော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဝင့် ဖြစ်ပါတယ်။ ကော်မတီ၏ကိုယ်စား သုံးသပ်အကြံပြုချက်များကို တင်ပြသွားမှာဖြစ်ပါ တယ်။ ကော်မတီ၏ လုပ်ဆောင်မှုအစီရင်ခံစာ (၂၀၁၁-၂၀၁၅)ကို ၁၉-၁၁-၂၀၁၅ ရက်နေ့မှာ လွှတ်တော်ရုံးသို့ တင်ပြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ပထမအကြိမ် လွှတ်တော်အသီးသီး၏ ပုံမှန်အစည်းအဝေးများ စတင်ချိန်ဟာ ဒီမိုကရေစီအစိုးရထံမှ အာဏာရယူခဲ့ပြီးတော့ ၁၉၆၂ ခုနှစ်မှစ၍ ၄၈ နှစ်အတွင်း ပထမအကြိမ် ပေါ်ပေါက်လာသော သမိုင်းဝင်ကာလဖြစ်ပါတယ်။ လွှတ်တော်ကြီးများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်တာများ ချောမောစွာလည်ပတ်နိုင်ရန် တာဝန်ရှိသူအသီးသီးတွင် ဆိုင်ရာအတွေ့အကြုံ များ နည်းပါးသည်ဖြစ်၍ အခက်အခဲများကြုံ တွေ့ခဲ့ရသည်။ ဒေသဆိုင်ရာနိုင်ငံများသာမက တစ်ကမ္ဘာလုံးကပါ စိတ်ဝင်တစား အလေးထားအကဲခတ် သုံးသပ်နေခဲ့သောကာလလည်းဖြစ်ခဲ့သည်။

တာဝန်များက ကြီးကျယ်များပြားလှသည်။ ဥပဒေပြုခြင်း၊ ပြင်ခြင်း၊ ပြောင်းခြင်း၊ ပယ်ဖျက်ခြင်း စသည်တို့ကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ စည်းမျဉ်းစည်းကမ်းပုံစံတို့နှင့် အဆင့်ဆင့်အချိန်ပေး

လုပ်ဆောင်ရသည်။ နှစ်စဉ်တင်သွင်းလာသော ပြည်ထောင်စုအစိုးရ၏ အမျိုးသားစီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများ၏မူ၊ အခြေခံသဘောတရားများ၊ ရသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်သူလူထုအမှန်တကယ်အကျိုးရှိစေရန်၊ ဘဏ္ဍာငွေများ အလေအလွင့်မဖြစ်စေရန်၊ လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်သန်၍ လေ့လာသုံးသပ်စိစစ်ဆုံးဖြတ်ရသည်။ ညှိနှိုင်းဆွေးနွေးအကြံပေးရသည်။ ပြည်သူ့ဆန္ဒအခြေခံ၍ ကိုယ်စားပြုမေးခွန်းများ မေးမြန်းပေးရသည်။ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများရေးဆွဲတင်ပြခြင်းတို့ကိုလည်း သတ်မှတ်ဘောင်အတွင်းမှ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးရသည်။ နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၏မူဝါဒများ၊ လုပ်ငန်းဆောင်တာများ၊ အကောင်အထည်ဖော်ဆောင်မ၊ ပြီးစီးမအခြေအနေများ၊ အခက်အခဲများ၊ ရလဒ်များကို လေ့လာသုံးသပ်၍ အပြန်အလှန်ထိန်းညိဆောင်ရွက်ရသည်။ ပြည်ထောင်စုအစိုးရက နိုင်ငံခြားချေးငွေများရယူနိုင်ရန် လတ်တော်၏ထောက်ခံအတည်ပြုမလိုအပ်သဖြင့် တင်ပြလာလျင်လည်း စိစစ်ဆုံးဖြတ်သုံးသပ်ရသည်။

ပြည်သူလုထု၏ တိုင်ကြားစာများကို လိုအပ်သလိုဖြေရှင်းပေးခြင်း၊ ကွင်းဆင်းကြည့်ရှုခြင်း၊ ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ပေးရသည်။ ကော်မတီ၏ လုပ်ငန်းများမှာ ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်နိုင်သောကြောင့် လက်တွေ့ကျသော သတ်မှတ်ချက်များရှိသင့်ပါသည်။

လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများရှိခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ရွေးချယ်တင်မြောက်ခံရသော ကိုယ်စားလှယ်များ၏ ကျောထောက်နောက်ခံအခြေအနေနှင့် အတွေ့အကြုံ များ ကွဲပြားခြားနားခြင်းတို့ကြောင့် အားသာချက်၊ အားနည်းချက်များရှိခဲ့သည်။ လတ်တော်အစတွင် နိုင်ငံရေးပါတီမှကိုယ်စားလှယ်များအပေါ် ကန့်သတ်ချက်များထားရှိသဖြင့် အဆိုပြုခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများတွင် ထိရောက်မ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မ၊ တိုက်ရိုက်အကျိုးပြုနိုင်မတို့တွင် အားနည်းချက်များ ရှိခဲ့သည်။ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီး၏ မှန်ကန်သော၊ အမျော်အမြင်ရှိသော ဦးဆောင်မကြောင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားပဲ ပြည်ထောင်စုအကျိုး၊ နိုင်ငံ့အကျိုးကို ပူးပေါင်းလက်တွဲ၍ ဖော်ဆောင်နိုင်ခဲ့သည်။ တစ်ခုသော အတိုင်းအတာအထိပိုမိုပွင့်လင်းစွာ အကျိုးပြုနိုင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံများ၏ အားပေးမကိုလည်း ရရှိခဲ့သည်။အစိုးရအဖွဲ့အစည်းများနှင့် အပြန်အလှန်ထိန်းညိဆောင်ရွက်ခြင်းတွင် ကနဦးက အခက်အခဲရှိခဲ့သည်။ အဓိကပြဿနာမှာ ထိုသို့ဆောင်ရွက်ခြင်းကို လိုအပ်သည်ဟု မခံယူနိုင်သော Mind-Set များတွင်တည်သည်။

အခြားနိုင်ငံများတွင်လည်း လတ်တော်များ စတင်ပေါ်ပေါက်စဉ်ကာလများက ဤသို့ရှိခဲ့ဖူးကြောင်း ကြားသိရပါသည်။ နိုင်ငံတော်အစိုးရနှင့် အစိုးရအဖွဲ့အစည်းများသည် လတ်တော် များအပေါ်၌ လမ်းမိုးသြဇာသက်ရောက်ရန် လုပ်ဆောင်နေသမျှ၊ ပွင့်လင်းမြင်သာစွာ မဆောင်ရွက် နိုင်သေးသမျှ၊ ရိုးသားဖြောင့်မတ်မမရှိသေးသမျှ၊ ငါ့အစိုးရ၊ ငါ့လတ်တော်၊ ငါ့ပါတီစွဲနေသမျှ လတ်တော်ကြီးများ သည်လည်း ဒီမိုကရေစီစနစ် ဖော်ဆောင်ရာမှာ ချိနဲ့ဖင့်တွဲ့နေမည်သာဖြစ်သည်။

လတ်တော်လုပ်ငန်းများ စတင်ချိန်နှင့်စာလျင် ရုံးများနှင့် ရုံးလုပ်ငန်းများ၊ လတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်များ တိုးတက်မ ရှိပါသည်။ ထိုသို့ဖြစ်လာရသည် မှာလည်း လတ်တော်ဥက္ကဋ္ဌကြီးများ၏ မှန်ကန်သောလမ်းညွှန်မ၊ လတ်တော်ကိုယ်စားလှယ်များ၏ Capacity တိုးတက်မြင့်မားလာအောင် ကြိုးပမ်းအားထုတ်မ ပြည်တွင်းပြည်ပသင်တန်းများ၊ အပြန် အလှန်တွေ့ဆုံဆွေးနွေးမများနှင့် အတွေ့အကြုံ များရရှိစေရန် ဆောင်ရွက်နိုင်မ၊ လတ်တော် ကိုယ်စားလှယ်များ အချင်းချင်းပံ့ပိုးကူညီမ၊ ကော်မရှင်၊ ကော်မတီများမှပညာရှင်များ၊ စေတနာရှင် များ၏ ပံ့ပိုးကူညီမ၊ လတ်တော် ပြင်ပမှ ပညာရှင်များ၊ စိတ်ဝင်စားသူများ၏အပြုသဘောဆောင်သော ဝေဖန်မ၊ ပါဝင်မ၊ NGO၊ INGO များ၏ သုံးသပ်ဝေဖန်မ၊ ကူညီမ၊ ပြည်တွင်း Media အချို့၏ စေတနာပါသော သုံးသပ်မ၊ အချို့ Media များ၏ မမှန်ကန်သော၊ လေ့လာမမရှိသော၊ အစွဲပါသော တိုက်ခိုက်ဝေဖန်မတို့ကိုလည်း စိန်ခေါ်မသဖွယ် ကိုယ်စားလှယ်များဘက်က သည်းခံနားလည်ပေးရင်း ရပ်တည်ပေးခဲ့နိုင်မ တို့ဖြစ်ပါတယ်။ SkyNet ရုပ်သံလိုင်းမှ လတ်တော် Channel ပါဝင်လာရန် ဆောင်ရွက်ထားမကြောင့် ပြည်သူတို့ လတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ခဲ့ပြီး ဝေဖန်သုံးသပ်အကြံပြုမများ ရရှိခဲ့သည်။ ပုံမှန်ကြည့်သော ပရိသတ်များလည်းရှိပါသည်။ ပုံမှန်လတ်တော်ဂျာနယ် ပုံမှန်ဖြန့်ဝေခြင်းတွေမှာလည်း များစွာအကျိုးရှိခဲ့ပါတယ်။

လတ်တော်များ၏ ရေးရာကော်မတီများတွင် တာဝန်ယူဆောင်ရွက်နိုင်ရန် ကော်မတီဝင်များ ရွေးချယ်ဆောင်ရွက်ရာတွင် အတွေ့အကြုံ၊ ပညာ၊ တတ်သိနားလည်မအပြင် စိတ်ဝင်စားအားထည့် မတို့လည်း ထည့်သွင်းစဉ်းစားသင့်သည်။ မည်သည့်တာဝန်ကိုမျှ မယူလိုသောသူများ၊ မလေ့လာ မကြိုးစားသူများ ပါဝင်နေသည်ကို တွေ့ရှိခဲ့ရသည်။အချို့ကော်မတီနှင့် ကော်မတီဝင်များသည် အချိန်များစွာပေး၍ စေတနာနှင့် ကြိုးပမ်းဆောင်ရွက်သည်ကို တွေ့ရှိရသည်။ ၎င်းတို့အား ဂုဏ်ပြုပါ သည်။ လတ်တော်များ၏ ဂုဏ်ရည်ဂုဏ်သွေးနှင့်သိက္ခာသည် လတ်တော်ကိုယ်စားလှယ်များအပေါ်

**မူကြမ်း**

တွင်မူတည်သည်။ ထို့ကြောင့် နည်းမျိုးစုံဖြင့် အရည်အသွေးမြင့်တင်မှုကို အစဉ်တစိုက် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ကိုယ်စားလှယ်များက ပြည်သူတို့ အကျိုးစီးပွားနှင့် ဆန္ဒအပေါ် မူတည်၍ မေးခွန်းများ မေးရာတွင် တိုရှင်းလိုရှင်းမဟုတ်သည်များရှိသလို ဖြေကြားသူတာဝန်ရှိပုဂ္ဂိုလ်များကလည်း မှန်ကန်စွာ၊ ပွင့်လင်းရိုးသားစွာ ဖြေဆိုမမရှိသည်ကို တစ်ခါတစ်ရံတွေ့ရှိရသည်။ စာရွက်ပေါ်၌ရှိသော မူဝါဒများ၊ စီမံချက်များသည် ပကတိမြေပြင်တွင် ဒေသခံလူထုနှင့် ကိုယ်စားလှယ်များ၏ တွေ့ရှိချက်များနှင့် တူညီမမရှိသည်ကိုလည်း တွေ့ရှိရသည်။

လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီစနစ်၏ မီးရှူးတန်ဆောင်ဖြစ်သည်။ ပြည်သူတို့ရွေးချယ်တင်မြောက်သော ပြည်သူတို့၏ ကိုယ်စားပြုများဖြစ်သည်။ ပြည်သူတို့၏ သူရဲကောင်းများဖြစ်သည်။ တာဝန်နှင့်အညီ ထိုက်တန်သောအဆင့်နှင့် အကျိုးခံစားခွင့်ရှိရသည်။ မျှတသောပေးခြင်း၊ မျှတသော ယူခြင်းသည် နိယာမဖြစ်သည်။ တိုင်းပြည်ချမ်းသာခြင်း၊ ဆင်းရဲခြင်းနှင့်မဆိုင်ပါ။ ဤတိုင်းပြည်သည် အံ့သြစရာဖြစ်သည်။ ချမ်းသာပြီးဆင်းရဲသည်။ ဝန်ထမ်းမှန်သမျှ ပညာ၊ တာဝန်၊ လုပ်အားနှင့်အညီ ထိုက်တန်သော အကျိုးပံ့ပိုးမရရှိစေရန် တိုင်းပြည်၏ ငွေယိုပေါက်ကြီးများနှင့် မသမာသော၊ တရားမဝင်သော လမ်းကြောင်းများမှ ပြည်သူတို့၏ ပိုင်ဆိုင်မများ၊ သယံဇာတများ၊ ရတနာများ စီးဆင်းနေမှုတို့ကို ရပ်တန့်စေပြီး နိုင်ငံတော်က ရရှိပိုင်ခွင့်ရှိသော စီးပွားဝင်ပေါက်များကို ထိရောက်စွာ တိုးချဲ့ပေးခြင်းတို့သည်သာ ပဓာနဖြစ်သည်။

နိဂုံးအနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ သက်တမ်းကာလ (၅)နှစ်အတွင်း ကျင်းပခဲ့သော လွှတ်တော်များတွင် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရေးရာကော်မတီများ၏ ဆောင်ရွက်ခဲ့ သည်များ၊ ဆောင်ရွက်ခဲ့ပုံများ၊ အတွေ့အကြုံ များ၊ အားနည်းချက်များ၊ အားသာချက်များသည် နောင်တာဝန်ယူမည့် ရွေးကောက်ခံကိုယ်စားလှယ်များ လေ့လာသုံးသပ်၍ မိမိတို့ကြုံတွေ့ရမည့် စိန်ခေါ်မများကို အောင်မြင်စွာရင်ဆိုင်ကျော်လွှားရာ၌လည်းကောင်း၊ လုပ်ဆောင်ရမည့်တာဝန် ဝတ္တရားများကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌လည်းကောင်း၊ အထောက်အကူပြုမည်ဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာအဖြစ် သမိုင်းဝင်မည်လည်းဖြစ်ပါသည်။

**မူကြမ်း**

နောင်တာဝန်ယူမည့် လတ်တော်ဥက္ကဋ္ဌကြီးများနှင့် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် တိုင်းကျိုး၊ ပြည်ကျိုးကို ဆထက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တွဲဖက်အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို ဆုတောင်းဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား ပြည်သူ့လတ်တော်သို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ရက်စွဲပါစာအမှတ်၊ ၀၄/ပသ(ကမတ)၁၂/၂၀၁၆-၂ ဖြင့် ပေးပို့ထားတဲ့ သုံးသပ်အကြံပြုချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ဝန်ကြီးဌာနလေးခုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကော်မတီနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနများကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ သုံးသပ်အကြံပြုချက်ခုနစ်ချက် တင်ပြထားပါတယ်။ ၎င်းအကြံပြုချက်များကို ကျွန်တော့်အနေနဲ့ တင်ပြပါ့မယ်။

(က) ဖွဲ့စည်းမည့်ကော်မတီတွင် လတ်တော်ကိုယ်စားလှယ်များသည် ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမယ့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မများနှင့် ဆက်စပ်ရင်းနှီးကျမ်းကျင်မရှိသည့်ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းသင့်ပါသည်။

(ခ) ကော်မတီဝင်များသည် ဥပဒေများစိစစ်ခြင်း၊ အတည်ပြုခြင်းများ လုပ်ဆောင်ရာတွင် လွှတ်တော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့လာဆောင်ရွက်သွားသင့်ပါသည်။

(ဂ) ဥပဒေများကိုစိစစ်ရာတွင် သတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ ပုဒ်မ ၅၉ ပါ အချက် ၁၂ နှင့်အညီ ဆောင်ရွက်သွားသင့်ပါသည်။

(ဃ) ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပပြီး ကော်မတီဝင်များအား ဝန်ကြီးဌာနအလိုက် ခွဲခြားသတ်မှတ်တာဝန်ပေးသွားသင့်ပါသည်။

(င) ကော်မတီမှ လွှတ်တော်တွင်ရောက်ရှိနေသည့် ဆောင်ရွက်ဆဲဥပဒေများ ဆောင်ရွက်ရန်ကျန်ရှိသည့်ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးတို့နှင့် စဉ်ဆက်မပြတ်ဆက်သွယ်တွေ့ဆုံပြီး ဥပဒေသစ်များ ပေါ်ပေါက်လာရေးညှိနှိုင်း ဆောင်ရွက်သွားသင့်ပါသည်။

(စ) ဝန်ကြီးဌာနများ၏ အခွန်၊ စီမံကိန်း၊ ဘတ်ဂျက်ဥပဒေများနှင့်ပတ်သက်၍လည်း ဤကော်မတီမှ နှစ်စဉ်တင်ပြသော အစီရင်ခံစာများကိုလေ့လာပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း စိစစ်သွားရန် လိုအပ်ပါသည်။

(ဆ) ကော်မတီတွင်ဥပဒေများကို စိစစ်ရာတွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ကျမ်းကျင်ပုဂ္ဂိုလ်များ၊ ပြင်ပကျမ်းကျင်ပညာရှင်များ၊ ဥပဒေနှင့် ပတ်သက်ဆက်ဆံတဲ့ အဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ သဘောထားမှတ်ချက်များကိုရယူပြီး ဆောင်ရွက်သွားသင့်ပါသည်။

ဆက်လက်ပြီးတော့မှ တင်ပြလိုတာကတော့ ကျန်တော်တို့ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း မိမိတို့ကော်မတီအနေနဲ့ သက်ဆိုင်တဲ့ဥပဒေ ၄၇ ခုရှိပြီး ဥပဒေ ၂၃ ခု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ စိစစ်ဆဲဥပဒေ ၁၆ ခု၊ လွှတ်တလောပြင်ဆင်ရန် မလိုအပ်သေးတဲ့ဥပဒေ ငါးခု၊ ဖျက်သိမ်းပြီးဥပဒေ သုံးခုရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နောက်ဆက်တွဲဇယားနှင့် ဥပဒေစာရင်းများကို ပူးတွဲတင်ပြထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မှူးကြမ်း**

**အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးပိုင်(အဖွဲ့ဝင်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စား လှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါ စေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျနော်ကတော့ ပြည်သူ့လတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီရဲ့ အဖွဲ့ဝင်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျနော့် အနေနဲ့ ကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ ပြည်သူ့လတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီရဲ့ သုံးသပ်တွေ့ရှိချက်နှင့် အကြံပြုချက်များကို ဖတ်ကြားတင်ပြ သွားမှာဖြစ်ပါတယ်။

**ပြည်သူ့လတ်တော် ကော်မတီဆိုင်ရာ သုံးသပ်တွေ့ရှိချက်**

၁။ ကော်မတီသို့ပေးအပ်ထားတဲ့ ဝန်ကြီးဌာနလေးခုမှ ကျင့်သုံးနေတဲ့ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ အသစ်ပြန်လည်ရေးဆွဲခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂။ အထူးသဖြင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်နိုင်သကဲ့သို့ စာပေစိစစ်ရေးအဖွဲ့ ရုပ်သိမ်းတဲ့အထိ တိုက်တွန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

၃။ စာနယ်ဇင်း သတင်းမီဒီယာများနှင့်လည်းကောင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ၊ သဘင်ပညာရှင်များ၊ ပန်းပညာရှင်များနှင့်လည်းကောင်း အကြိမ်ကြိမ်တွေ့ဆုံ၍ အခက်အခဲပြဿနာများကို ဝိုင်းဝန်းညှိနှိုင်း အဖြေရှာပေးနိုင်ခဲ့ပါတယ်။

**မူကြမ်း**

၄။ စာပေစိစစ်ရေးရဲ့ မူဝါဒများဖြေလျော့ပေးရေးဆောင်ရွက်ခဲ့ရာ တင်ထုတ်စနစ်မှ ထုတ်တင်စနစ်သို့ပြောင်းလဲပြီး နောက်ဆုံးမှာ စာပေစိစစ်ရေးအဖွဲ့ကိုပါ ရုပ်သိမ်းပေးနိုင်ခဲ့ပါတယ်။

၅။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို တစ်ဝက်တစ်ပျက် အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ်မှ အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ် လွတ်လပ်စွာရပ်တည်နိုင်အောင် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်မများ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

၆။ မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် ခေတ်သစ်အလာအဖြစ်နဲ့ အသစ်ပါဝင်လာပြီးတော့ အလာခြောက်လာနဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၇။ မြန်မာနိုင်ငံသဘင်ကောင်စီ ပြန်လည်ဖွဲ့စည်းနိုင်ဖို့အတွက် ထိန်းညှိဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၈။ ကော်မတီအနေနဲ့ မေးခွန်းများမေးမြန်း၍ ပွဲခွန်၊ ရုံခွန်၊ ပြသခွန်များလျော့ချပေးရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၉။ ဗီဒီယိုလောကတွင် ပြဿနာဖြစ်နေတဲ့ ခိုးကူးခွေပပျောက်ရေးကိစအား ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် အထိုက်အလျောက် သက်သာရာရရှိစေနိုင်ခဲ့ပါတယ်။

၁၀။ ကော်မတီ၏ အဓိကဆွေးနွေးအကြံပြု အဆိုတင်သွင်းမကြောင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ အောက်ပါဥပဒေကြမ်းသုံးခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

(က) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း၊

(ခ) သတင်းမီဒီယာဥပဒေကြမ်း၊

(ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လင့်ခြင်းဆိုင်ရာဥပဒေကြမ်း တို့ဖြစ်ပါတယ်။

၁၁။ ကော်မတီ၏ ဆွေးနွေးအကြံပြုမကြောင့် ယဉ်ကျေးမဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ အောက်ပါဥပဒေကြမ်းနှစ်ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း၊

(ခ) ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း တို့ဖြစ်ပါတယ်။

၁၂။ ရန်ကုန်မြို့ရှိ ကန်တော်မင်ပန်းခြံအား မူလသတ်မှတ်ခဲ့တဲ့ ဦးဥတ္တမပန်းခြံအဖြစ် ပြောင်းလဲပေးရေးနှင့်စပ်လျဉ်းပြီးတော့ ကော်မတီဝင် ဦးမောင်ညို(စစ်တွေ)မှ အဆိုတင်သွင်းပြီးတော့ ကော်မတီ၏ ထောက်ခံတင်ပြမ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အတည်ပြုပေးမတို့ကြောင့် ပြောင်းလဲသတ်မှတ်ပေးနိုင်ခဲ့ပါတယ်။

၁၃။ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကြီး(အေးသာယာ)တွင် အားကစားသိပ်တစ်ခု၊ မော်လမြိုင်တွင် အားကစားသိပံတစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ကော်မတီမှပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သလို နေပြည်တော်တွင် ကမာ့အဆင့်မီ အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်ရေးစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၁၄။ ကော်မတီဝင်များသည် ၁၁-၁၂-၂၀၁၃ ရက်နေ့မှ ၂၂-၁၂-၂၀၁၃ ရက်နေ့ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာအသင်းများအောင်နိုင်မရရှိရေးအတွက် ပြည်သူများနှင့်အတူ တခဲနက်အားပေးနိုင်ခဲ့ပါတယ်။

၁၅။ ကော်မတီသို့ရောက်ရှိသော လူပုဂ္ဂိုလ်အဖွဲ့အစည်းအသီးသီး၏ တိုင်ကြားစာများနှင့် အသနားခံစာများကို ကြားနာစိစစ်ပြီး သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော် ကော်မတီဆိုင်ရာအကြံပြုချက်အနေနဲ့ကတော့**

၁။ ကော်မတီရုံးအဖွဲ့ကို လုပ်ငန်းများပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့အတွက် အင်အား တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း တင်ပြလိုပါတယ်။

၂။ ကော်မတီရုံးအဖွဲ့ဝင်များ၏ အရည်အသွေး၊ အရည်အချင်းမြင့်မားရေး (Capacity Building) တည်ဆောက်နိုင်ဖို့အတွက် သင်တန်းများ အသိပညာပေးခြင်းများ တိုးမြင့်ဆောင်ရွက်ပေးသင့်ပါတယ်။

၃။ ကော်မတီဝင်များ သွားလာရေးအဆင်ပြေစေဖို့အတွက် ကော်မတီအလိုက် သယ်ယူပို့ဆောင်ရေးယာဉ်တစ်စီးစီ စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျန်တော်တို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး

ဖွံ့ဖြိုးမကော်မတီအနေနဲ့ ပြည်ထောင်စုလွှတ်တော်နှင့်ဆိုင်တဲ့ သုံးသပ်ချက်တွေကိုလည်း အစီရင်ခံစာမှာ ထည့်သွင်းပြီးမှ အစီရင်ခံတင်ပြခဲ့ပါတယ်။ ၁၆-၃-၂၀၁၂ ရက်နေ့မှာ မြန်မာနိုင်ငံ ပါလီမန်အဖွဲ့အစည်းနှင့် နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ (Inter Parliamentary Union-IPU)သို့ ပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးညှိနှိုင်းဆောင်ရွက်ခဲ့မ၊ ၁၆-၇-၂၀၁၂ ရက်နေ့မှာ သမတရဲ့ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၂) အရေးပေါ်အခြေအနေကြေညာခြင်း (ရခိုင်အရေးအခင်းကိစ)နှင့်စပ်လျဉ်းပြီးမှ အတည်ပြုပေးခဲ့မ၊ ၂၆-၇-၂၀၁၂ ရက်နေ့မှာ ဦးတင်ထွတ် (ဇလွန်)တင်သွင်းတဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရကြောင့် တောင်သူလယ်သမားများ နစ်နာမမရှိစေရေး စုံစမ်းရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ရန် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မ၊ ၂၂-၁၀-၂၀၁၂ ရက်နေ့မှာ အာရှဥရောပပါလီမန်များ မိတ်ဖက်အဖွဲ့ (Asia Europe Parliamentary Partnership-ASEP)တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံနိုင်အောင်ဆောင်ရွက်နိုင်ခဲ့မ၊ ၂၀-၃-၂၀၁၃ ရက်နေ့မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် သူရဦးအေးမြင့်(ဝက်လက်)က အရေးကြီးအဆိုတစ်ရပ်တင်သွင်းခဲ့ရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ခဲ့မ၊ ၂၇-၈-၂၀၁၃ ရက်နေ့မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် အခွင့်အရေးလေ့လာရေးပူးပေါင်းကော်မရှင် အတွင်းရေးမှူး ဦးခိုင်မောင်ရည်မှ တင်သွင်းတဲ့ အစီရင်ခံစာကို အတည်ပြုပေးနိုင်ခဲ့မစသည့် အရေးကြီးတဲ့အချက်ပေါင်း (၅၀)ချက်ကိုလည်း အစီရင်ခံစာမှာ မှတ်တမ်းအဖြစ် တင်ပြခဲ့ပါတယ်။

**လွှတ်တော်ဆိုင်ရာအကြံပြုချက်များ**

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပထမအကြိမ် လွှတ်တော်ကာလအတွင်းမှာ တာဝန်ယူဆောင်ရွက်ခဲ့ရမများအပေါ်မှာ အခြေခံကာ ကျွန်တော်တို့ အားကစား၊ ယဉ်ကျေးမနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မကော်မတီအနေနဲ့ လွှတ်တော်ဆိုင်ရာ အကြံပြုချက်များကို တင်ပြအပ်ပါတယ်။

၁။ လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းမြင့်တင်ဖို့အတွက် ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် အခြားပညာရှင်များအား ပြည်ထောင်စုလွှတ်တော်သို့ အခါအား လျော်စွာ ဖိတ်ကြား၍ ဆွေးနွေးပွဲများ ပြုလုပ်ပေးသင့်ပါတယ်။

၂။ လတ်တော်ကိုယ်စားလှယ်များ အရည်အချင်းမြင့်တင်ရေးအတွက်၊ လတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားဖို့အတွက် အခါအားလျော်စွာ ဆွေးနွေးပွဲများ၊ Debate များ၊ Workshop နှင့် Seminar များကို ကျင်းပပေးသင့်ပါတယ်။

၃။ လတ်တော်ကာလ ကြာမြင့်လာတာနှင့်အမျှ လတ်တော်ကိုယ်စားလှယ်များ ငြီးငွေ့ပင်ပန်းမပပျောက်စေဖို့ ယဉ်ကျေးမကဇာတ်၊ ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံးတို့ရဲ့ ဖျော်ဖြေရေးအစီအစဉ်များကို တစ်လတစ်ကြိမ် ပြုလုပ်ပေးသင့်ပါတယ်။

၄။ ပြည်ထောင်စုလတ်တော် ပထမအကြိမ်အစည်းအဝေးတွင် လတ်တော်ကိုယ်စားလှယ်များ နေထိုင်ရေး အထိုက်အလျောက်အဆင်ပြေခဲ့သော်လည်း နောင်အစည်းအဝေးများတွင် အဆင်ပြေစေရန် တည်းခိုရန်အဆောက်အအုံများကို လတ်တော်အနီးတွင်ပင် လုံလောက်စွာ ဆောက်လုပ်ပေးသင့်ပါတယ်။

၅။ လတ်တော်ကိုယ်စားလှယ်များ အရည်အချင်းမြင့်မားရေးအတွက် လိုအပ်မည့် သက်ဆိုင်ရာသင်တန်းများ (ဥပမာ- အင်္ဂလိပ်စာသင်တန်း၊ ဘတ်ဂျက်သင်တန်း၊ ဥပဒေရေးရာသင်တန်း) စတာတွေကို လတ်တော်ကာလတစ်လျောက်လုံး ဖွင့်လှစ်ပေးထားသင့်ပါတယ်။

၆။ လတ်တော်ကိုယ်စားလှယ်များအား အရေးကြီးကိစမှလွဲ၍ ခွင့်မယူစေဘဲ လတ်တော်ကိုလေးစားသောအားဖြင့် တက်ရောက်နိုင်ရေး ကြပ်မတ်သင့်ပါတယ်။

၇။ လတ်တော်ရေးရာကော်မတီများ ပူးပေါင်းဆောင်ရွက်မအားကောင်းစေရန် ကော်မတီအလိုက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးရဲ့ လုပ်ငန်းခွင်များသို့ တိုက်ရိုက်သွားရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။

၈။ လတ်တော်ဆိုင်ရာကိစရပ်များ ဆောင်ရွက်ရာတွင် လတ်တော်အသီးသီးမှထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သွားလာနေထိုင်ပြုမူပြောဆို၍ လတ်တော်၏ဂုဏ်သိက္ခာနှင့် အစဉ်အလာကို စောင့်ထိန်းရေးကြပ်မတ်သွားသင့်ပါတယ်။

၉။ လတ်တော်ကိုယ်စားလှယ်အများစု တည်းခိုနေထိုင်ရာနေရာတွင် ပြင်ပဧည့်သည်များနှင့်တွေ့ဆုံရေးအပါအဝင် အစစအရာရာအဆင်ပြေ ချောမွေ့စေရေးအတွက် ဆက်သွယ်ဆက်ဆံရေးရုံး ဖွင့်လှစ်

ထားရှိပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျန်တော့်အနေနဲ့ မင်္ဂလာပါလို ဂါရဝပြုဝတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်တော်ကတော့ ပြည်သူ့ လတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ကော်မတီဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ပြည်သူ့လတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီနဲ့စပ်လျဉ်းပြီး ကော်မတီဖွဲ့စည်းရေးနဲ့ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အကြံပြု ချက်ရှစ်ချက်နဲ့ ကော်မတီရုံးဆိုင်ရာအကြံပြုချက်လေးချက် စုစုပေါင်းအကြံပြုချက်(၁၂)ချက်ကို တင်ပြ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အကြံပြုချက်**

လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့ကော်မတီ အနေနဲ့ ကော်မတီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာအကြံပြုချက်ရှစ်ချက်ကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မတွင် လယ်ယာကဏ္ဍသည် အဓိကကျ အရေးကြီးသည့် ကဏ္ဍဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မတိုးတက်ဖွံ့ဖြိုးရေးအတွက် ဤလတ်တော် ကော်မတီကို ဆက်လက်ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်သင့်ပါသည်။

၂။ တိုင်းဒေသကြီးများနှင့်ပြည်နယ်အသီးသီးမှ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံ ရှိပြီး စိတ်ပါဝင်စားမရှိသော လတ်တော်ကိုယ်စားလှယ်များ ပါဝင်မရှိအောင် ဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။

၃။ ဘာသာရပ်ဆိုင်ရာကျမ်းကျင်သူ၊ လက်တွေ့လုပ်ငန်းအတွေ့အကြုံ ရှိသူများ အတတ်နိုင်ဆုံး တာဝန်ဖွဲ့စည်းသင့်ပါသည်။

၄။ ကော်မတီနှင့် တိုက်ရိုက်သက်ဆိုင်သောဥပဒေကြမ်းများ လေ့လာဆွေးနွေးမပြုရာတွင် လတ်တော်ရှိ ဥပဒေကြမ်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်မအခွင့်အရေးများ ပိုမိုရရှိရေးနှင့် ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဘာသာရပ်အလိုက် အတွေ့အကြုံ ရှိသောအဖွဲ့ဝင်များ၊ တပ်မတော်သားလတ်တော်ကိုယ်စားလှယ်များကို လိုအပ်သလို ဆက်လက်အားဖြည့် ပံ့ပိုးပေးသင့်ပါသည်။

၅။ လတ်တော်ကော်မတီမှ တာဝန်ယူဆောင်ရွက်ရသော အစိုးရအဖွဲ့ဝန်ကြီးဌာနများနှင့် လိုအပ်သလိုဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်နိုင်ခွင့်ကိုမြန်ဆန်ရေးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်ထိတွေ့ တွေ့ဆုံဆွေးနွေးရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။

၆။ မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်သက်ဆိုင်သော ပြည်တွင်း/ပြည်ပ INGO, NGO နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကော်မတီများ ယခုထက်ပိုမိုဆက်သွယ်ထိတွေ့ ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါသည်။

၇။ လတ်တော်ကော်မတီသို့ လေ့လာစိစစ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ဥပဒေကြမ်းများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသည့်၊ ပြည်သူများ လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေများပေါ်ပေါက်လာရေးအတွက် ကော်မတီနှင့် တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ် လေ့လာကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

၈။ လတ်တော်ကိုယ်စားလှယ်အသီးသီးက မေးမြန်းတင်ပြဆွေးနွေးခြင်းမှ ဖြစ်ပေါ်လာသော လယ်ယာကဏ္ဍဆိုင်ရာ ကတိကဝတ်များအပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများ၏ အရေးယူလုပ်ဆောင်မများနှင့် ပတ်သက်၍ လိုအပ်သည့်အချိန်တွင် သတ်မှတ်ထားသည့် လတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖွဲ့များက သက်ဆိုင်ရာနယ်မြေ၊ ဌာန၊ လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုလေ့လာအကြံပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါသည်။

**မူကြမ်း**

**(ခ) ကော်မတီရုံးဆိုင်ရာအကြံပြုချက်များ**

၉။ လတ်တော်ကော်မတီရုံးတွင် ကော်မတီလုပ်ငန်းများဆိုင်ရာ ဆက်စပ်မရှိသူ ဘာသာရပ်နှင့် ပတ်သက်၍ သိနားလည်သူ အရာထမ်း/အမှုထမ်းများဖြင့် အတတ်နိုင်ဆုံး ဖွဲ့စည်းတာဝန်ပေးသင့်ပါတယ်။

၁၀။ ကော်မတီရုံးတွင် ကော်မတီလုပ်ငန်းများ ကဏ္ဍအလိုက် သက်ဆိုင်သည့်ဥပဒေ၊ စာအုပ်စာတမ်း စာစောင်များ၊ မှတ်တမ်းများ တတ်နိုင်သမျှပြည့်စုံစွာ စုဆောင်းဖြည့်တင်းထားရှိရေး ဆောင်ရွက်သင့်ပါသည်။

၁၁။ ကော်မတီရုံးများတွင် မရှိမဖြစ်လိုအပ်သော ခေတ်မီရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပစ္စည်းများ၊ ပြည့်စုံစွာဖြည့်တင်းစီမံဆောင်ရွက်ပေးသင့်ပါသည်။

၁၂။ လတ်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအပါအဝင် လတ်တော်ကိုယ်စားလှယ်များ၏သက်သာချောင်ချိရေး၊ ပျော်ရွှင်ရေးတို့အတွက်လည်း အခါအခွင့်သင့်တိုင်း ဆောင်ရွက်ပေးသင့်ပါကြောင်း လေ့လာသုံးသပ်အကြံပြုနိဂုံးချုပ် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လတ်တော်ကော်မတီများရဲ့ သုံးသပ်အကြံပြုတင်ပြချက်များ များတဲ့အတွက် ဒီနေ့ပြီးအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ခဏရပ်နားခြင်းကို မဆောင်ရွက်တော့ဘဲ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နိုင်ရန် သတိပေးတင်ပြခြင်းဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။ အချိန်နည်းနိုင်သမျှနည်း ကွာဟမှုမရှိအောင် အစီအစဉ်အတိုင်း ပုဂ္ဂိုလ်များနှင့် ပြုလုပ်ထားကြစေလိုပါတယ်။

**ဦးဝင်းဦး(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအား လေးစားစွာဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဆောင်ရွက်ချက်များအနက် သုံးသပ်အကြံပြုချက်များကို ဖတ်ကြားတင်ပြသွားပါမယ်။

**ကော်မတီ၏သုံးသပ်အကြံပြုချက်များ**

၁။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဓိကတာဝန်ယူဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးမကဏ္ဍနှစ်ခုသည် နိုင်ငံတော်အတွက်အရေးပါတဲ့ ကဏ္ဍကြီးနှစ်ခုဖြစ်သည့်အပြင် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိနေသဖြင့် လွှတ်တော်၏ဆောင်ရွက်ချက်သည် အလွန်အရေးပါကြောင်း တွေ့ရှိရပါသည်။ ကော်မတီအနေဖြင့် စက်မဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၏ ဘတ်ဂျက်ကိစ္စများအပြင် သက်ဆိုင်သည့် ဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

**လွှတ်တော်ကဏ္ဍ**

၂။ လွှတ်တော်သက်တမ်း (၅)နှစ်တာကာလအတွင်းမှာ ကိုယ်စားလှယ်များအားလုံးသည် ကော်မတီအနေနှင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ခဲ့ကြသည်ဟု နားလည်မှတ်ယူပါသည်။ အထူးသဖြင့် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးသည် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများမပါဘဲ လွှတ်တော်တွင်း ဒီမိုကရေစီစနစ် ပီပြင်စွာဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်အောင် အားပေးမှုများကြောင့် ပထမအကြိမ်ကျင်းပသော လွှတ်တော်ကြီးအနေဖြင့် တက်တက်ကြွကြွ လုပ်ဆောင်ကြခြင်းကို တွေ့မြင်ရ၍ ဂုဏ်ယူမိပါသည်။ ထို့အပြင် လွှတ်တော်ကိုယ်စာလှယ်အားလုံးမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊

တရားစီရင်ရေး မဏ္ဍိုင် (၃) ရပ်လုံးကို ပကတိအရှိအတိုင်း တွေ့မြင်စဉ်းစားပြီးဝေဖန်ခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်း လိုအပ်သည့်အဆုံးအဖြတ်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့၍ ယခုလွှတ်တော်သက်တမ်းကာလအတွင်းမှာပင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီခရီးလျှောက်လှမ်းနိုင်ရေးအတွက် အထောက်အကူ ဖြစ်ခဲ့ပါတယ်။ လာမည့်အနာဂတ်ကာလတွင် ပြည်သူ့ခေတ်ရောက်ရှိနိုင်ရန် ဖောင်ဒေးရှင်းနှင့် မျိုးစေ့ချပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့ပါ၍ နောင်လာမည့် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် အတွေ့အကြုံ ရှိပြီးသော ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး ကောင်းသော အကြံဉာဏ် အတွေးအမြင်များဖြင့် မြန်မာနိုင်ငံတော်ကြီးအား စစ်မှန်သောဒီမိုကရေစီနိုင်ငံဖြစ်အောင် ပြုပြင်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

၃။ ပထမအကြိမ်လွှတ်တော်ကာလအတွင်း ကြုံတွေ့ရသောဖြစ်စဉ်၊ ဖြစ်ရပ်များကို အတွေ့အကြုံ အဖြစ်မှတ်သား၍ အကြံပြုလိုသည်မှာ အခြားအောင်မြင်နေသည့် ဒီမိုကရေစီနိုင်ငံများကို နမူနာယူ၍ ဒုတိယလွှတ်တော်သက်တမ်းတွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ဖြစ်ပါသည်။

(က) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်တွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးအပိုင်းမှ တာဝန်ရှိသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိအကြီးအကဲများ ကိုယ်တိုင်လာရောက် ရှင်းလင်းပြောကြားရန် လိုအပ်ပါသည်။

(ခ) ကော်မတီများနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ အစည်းအဝေး ပြုလုပ်ရာတွင် ကြားနာခြင်းအဆင့်(Hearing Committee) အဖြစ်သတ်မှတ်၍ အဆုံးအဖြတ်ပေးနိုင်သော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိအကြီးအကဲများ ကိုယ်တိုင်လာရောက်ရန် လိုအပ်ပါသည်။

(ဂ) လွှတ်တော်ခန်းမကြီးတွင် အကြောင်းအရာတိုင်း၊ ကိစ္စတိုင်းတွင် နှစ်ဦးနှစ်ဘက် ကော်မတီများတွင် လည်းကောင်း၊ လွှတ်တော်ခန်းမကြီးအတွင်းတွင်လည်းကောင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်ရန် လွတ်လပ်သော အခြေအနေဖန်တီးပေးပြီး တိုင်းပြည်တိုးတက်ရန်အတွက် ပြည်သူကိုဗဟိုပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ အကြောင်းအရာကိစ္စရပ်တစ်ခု ပြီးဆုံးသည်အထိလုပ်ဆောင်ရန်နှင့် အချိန်ပေးရန်လည်း လွန်စွာအရေးကြီးပါသည်။ သို့မှသာ လွှတ်တော်သက်တမ်း တစ်ခုထက်တစ်ခု ပိုမိုတိုးတက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။

**မူကြမ်း**

(ဃ) နောင်လွှတ်တော်တွင် အစည်းအဝေးများကို တစ်နှစ်လျှင် (၆)ကြိမ်ခန့်နှင့် တစ်ကြိမ်လျှင် တစ်လခန့်သာ ကျင်းပပြုလုပ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**ဥပဒေပြုကဏ္ဍ**

၄။ ကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေနှင့် အသေးစား၊ အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ကို လွှတ်တော်မှပြဋ္ဌာန်းနိုင်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စက်မှုလုပ်ငန်းဥပဒေ (Industrial Law)ကိုလည်း ကော်မတီမှပြုစုပြီး လွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ဆက်လက်ဆွေးနွေး အတည်ပြုရန် လဲအပ်ပေးခဲ့ပါတယ်။ ယခုလွှတ်တော် သက်တမ်းအတွင်း ဘတ်ဂျက်များစိစစ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေကြမ်း အတည်ပြုနိုင်ရေး အထောက်အကူပေးခြင်းနှင့် ဥပဒေကြမ်းများ အတည်ပြုနိုင်ရေးတို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။

၅။ ပထမအကြိမ်ကျင်းပသော လွှတ်တော်ဖြစ်သည့်အတွက် လွှတ်တော်အတွေ့အကြုံနှင့် ရင့်ကျက်မှုနည်းပါးခြင်းကြောင့် လွှတ်တော်အတွင်းမှ ကော်မတီများနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုများ အားနည်းခဲ့ပါတယ်။ ထို့အတူ လွှတ်တော်မှကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လွှတ်တော်ကော်မတီများလည်း ဆက်သွယ်ညှိနှိုင်းမှု မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ နောင်လွှတ်တော်တွင် သက်ဆိုင်ရာလွှတ်တော်များအချင်းချင်း ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

၆။ ဒုတိယအကြိမ် လွှတ်တော်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပိုမိုပွင့်လင်းမြင်သာစွာ ဆက်ဆံခြင်း၊ UMFCCI နှင့် MES ကဲ့သို့သော Private Institution များနှင့်လည်း ပိုမိုပွင့်လင်းစွာ ဆက်ဆံခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသို့ သွားရောက်ပြီး ပြည်သူများ၏အသံကို အချိန်ပေးနားထောင်ပြီး အကူအညီနှင့် အကြံဉာဏ်များ ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၇။ နောင်လွှတ်တော်သက်တမ်းတွင် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး ကော်မရှင်အား ပြည်ထောင်စုအဆင့်အဖြစ် ဖွဲ့စည်းပြီး နိုင်ငံတော်ဘတ်ဂျက်အသုံးပြု၍ ဆောင်ရွက်သောလုပ်ငန်း၊ စီမံကိန်းတို့အား ကွင်းဆင်းစစ်ဆေး၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပေးသင့်ပါသည်။

**မူကြမ်း**

၈။ နိုင်ငံတကာလတ်တော်များနည်းတူ လတ်တော်၏ဘတ်ဂျက်သည် လတ်တော်တွင်သာ အတည်ပြုဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးကော်မတီမှ လိုအပ်သလို ဆောင်ရွက်ပေးရန်အတွက်သာ သက်ဆိုင်ရာဥပဒေကိုပြင်ဆင်ရန် အမြန်ဆုံး ဆောင်ရွက်သင့်ပါသည်။

၉။ လတ်တော်ဝန်ထမ်းများကိုလည်း ကျမ်းကျင်မရှိရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် နိုင်ငံတကာလတ်တော်အတွေ့အကြုံ များ ရရှိနိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။ လက်ရှိနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကိုလည်း ဝန်ထမ်းအဆင့်ဆင့်အားလုံး အလုပ်ခွင်တွင်ပျော်၍ လုပ်အားတိုးတက်နိုင်စေရန်အတွက် လိုအပ်သလို ပြောင်းလဲပြင်ဆင်သင့်ပါသည်။

၁၀။ အထူးအကြံပြုလိုသည်မှာ ယခုလတ်တော်ကာလတွင် ပြည်သူ့လတ်တော်မှ ဖွဲ့စည်းထားသော ကော်မတီအသီးသီးရှိ ဝန်ထမ်းများသည် ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်မကို ကျမ်းကျင်စွာ သိရှိနားလည်ပြီးဖြစ်၍ နောင်ဖွဲ့စည်းမည့် ကော်မတီများအတွက် အထောက်အကူပြုပေးနိုင်တဲ့ ဝန်ထမ်းများဖြစ်ကြတဲ့အတွက် ကော်မတီအလိုက် ဆက်လက်တာဝန်ချထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၁၁။ မိမိတို့ကော်မတီမှ တင်ပြခဲ့သောအကြောင်းအရာများနှင့် ဆောင်ရွက်ချက်များသည် ပြီးပြည့်စုံခြင်းမရှိသော်လည်း နောင်သက်တမ်း၏ ကော်မတီသည် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပြီး နောင်ဖွဲ့စည်းမည့်လတ်တော်၊ အုပ်ချုပ်ရေးအပိုင်းတို့သည် အဖက်ဖက်မှ တိုးတက်ကောင်းမွန်သော နိုင်ငံတော်နှင့် ပြည်သူများ လုံခြုံငြိမ်းချမ်းစွာ နေထိုင်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးတိုးတက်ရန်နှင့် လွတ်လပ်၍တရားမျှတသော စီးပွားရေးလုပ်ငန်းများကို ပြည်သူများလုပ်ကိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း အကြံပြုတင်ပြအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်တဲ့အတွက် တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးမင်းသူ(အဖွဲ့ဝင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျနော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသူဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် အကြံပြုတင်ပြချက်ကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီ၏ တင်ပြချက်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**(က) ကော်မတီ၏ဖွဲ့စည်းပုံ**

(၁) စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူများ ပါဝင်ဖွဲ့စည်းသင့်ပါသည်။ သို့မှသာ သက်ဆိုင်သော ဥပဒေများ ပြုစုရာတွင် လုပ်ငန်းအတွေ့အကြုံများ အပေါ်အခြေခံ၍ ထိရောက်စွာ ဥပဒေပြုနိုင်သဖြင့် လက်တွေ့ကျင့်သုံးနိုင်သော ပြည်သူဗဟိုပြုဥပဒေများ ဖြစ်လာနိုင်ပါတယ်။

(၂) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဒေသများမှ ဒေသခံကိုယ်စားလှယ်များ ဦးစားပေးပါဝင်သင့်ပါတယ်။ သို့မှသာ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သဘာဝအရင်းအမြစ်များ ထွက်ရှိရာဒေသများမှ ပြည်သူများအကျိုးစီးပွားနှင့် စပ်လျဉ်းသောပြည်သူ့အသံများကို ကိုယ်စားပြုနိုင်ပါသဖြင့် အကြံပြုခြင်းဖြစ်ပါတယ်။

(၃) ကော်မတီအသီးသီးတွင် တပ်မတော်သားကိုယ်စားလှယ်များကို တင်းပြည့်ကော်မတီဝင်များအဖြစ် တာဝန်ပေးအပ်သင့်ပါတယ်။ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုပြီးဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို တင်းပြည့်တာဝန်ယူရသဖြင့် ယခုကဲ့သို့ တင်းပြည့်ကော်မတီဝင်များအဖြစ် တာဝန်ပေးအပ်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

(၄) ကော်မတီဝင်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သိသင့်သိထိုက်သော အချက်အလက်များ ဥပမာ - EITI, EIA, SIA, EMP စသည့် လုပ်ငန်းရပ်များကို ပို့ချခြင်း၊ လေ့လာစေခြင်းများ ဆောင်ရွက်သင့်ပါတယ်။

**(ခ) ကော်မတီလုပ်ငန်းများ**

(၁) ကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေများကို ဦးစားပေး လေ့လာပြီး လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ။

(၂) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းခွင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်နေသောဒေသများသို့ ကော်မတီဝင်များက ကွင်းဆင်းလေ့လာပြီး စိစစ်သုံးသပ်အကြံပြုချက်များနှင့် လတ်တော်အစည်းအဝေးများသို့ တင်ပြရန်ဖြစ်ပါတယ်။ ဥပမာအားဖြင့် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းခွင်ဖြစ်တဲ့ ဖားကန့်ဒေသလိုမျိုးမှာ ဖြစ်ပေါ်နေသောကိစများ၊ ရေ၊ သတ္တုမိုင်းများမှာရှိတဲ့ ဒေသမျိုးမှာဖြစ်သော ပြဿနာများကဲ့သို့သော ဒေသများကို ကွင်းဆင်းလေ့လာပြီး စိစစ်တွေ့ရှိချက်နှင့်အတူ လတ်တော်သို့ တင်ပြမှသာလျင် လတ်တော်က အမှန်တကယ် သိရှိပြီး သက်ဆိုင်ရာကိစများကို မှန်ကန်စွာဖြေရှင်းနိုင်မည် ဖြစ်ပါတယ်။

(၃) ကော်မတီဝင်များကို သင့်လျော်သည့် ပြည်ပလေ့လာရေးခရီးစဉ်များ စေလတ်ပြီး လေ့လာတွေ့ရှိချက်များကို မျှဝေရန်။

**(ဂ) အထွေထွေအကြံပြုချက်**

(၁) ဘဏ်လုပ်ငန်းနှင့် စာတိုက်လုပ်ငန်းများကို လတ်တော်ဝင်းအတွင်း စီစဉ်ထားသင့်ပါတယ်။

(၂) ကိုယ်ပိုင်ယာဉ်ဖြင့် အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်များအတွက် ကားပါကင်များ အဆင်ပြေအောင် ဆောင်ရွက်စီစဉ်ပေးသင့်ပါတယ်။

(၃) လတ်တော်ဝင်းများရှိ လမ်းများတွင် Road Map လမ်းပြလမ်းညွှန်များ တပ်ဆင်ပေးသင့်ပါသည်။

**မူကြမ်း**

(၄) စားသောက်ခန်းများ၊ သန့်စင်ခန်းများတွင် သန့်စင်ပန်ကာ (Exhaust Fan) များ တပ်ဆင်ပေးသင့်ပါသည်။

ဤကဲ့သို့တင်ပြခြင်းဖြင့် ကော်မတီ၏ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## ကျန်းမာရေးမြင့်တင်မကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လတ်တော် ကျန်းမာရေးမြင့်တင်မကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးသူရ(အဖွဲ့ဝင်၊ ကျန်းမာရေးမြင့်တင်မကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအပေါင်း ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ကျန်းမာရေးမြင့်တင်မ ကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးသူရဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ကော်မတီရဲ့ တာဝန်ပေးချက်အရ ကျန်းမာရေးမြင့် တင်မကော်မတီရဲ့အကြံပြုစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ကျန်တော်တို့ ကော်မတီအနေနဲ့ အပိုင်းနှစ်ပိုင်းနှင့် ဖတ်ပြရမှာဖြစ်ပါတယ်။ ပထမပိုင်းကတော့ ကျန်းမာရေးမြင့်တင်မကော်မတီအတွက် အကြံပြုတာဖြစ်ပြီးတော့ ဒုတိယပိုင်းကတော့ ပြည်သူ့လတ်တော်အတွက် အကြံပြုချက်များ ဖြစ်ပါ တယ်။

### (က) ကျန်းမာရေးမြင့်တင်မကော်မတီ

ပထမပိုင်းအနေနဲ့ ကျန်းမာရေးမြင့်တင်မကော်မတီနှင့် ပတ်သက်၍ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) **ဖွဲ့စည်းခြင်း။** ပထမအကြိမ် ပြည်သူ့လတ်တော်တွင် လတ်တော်ကိုယ်စားလှယ် ဆရာဝန်ခုနစ်ဦးနှင့် ဆရာဝန်မဟုတ်သူ ရှစ်ဦး ကော်မတီဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ သင့်လျော်သော အရေအတွက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအား နိုင်ငံ့ဝန်ထမ်း အတွေ့အကြုံ ရှိသူ၊ အုပ်ချုပ်ရေးပိုင်းကျမ်းကျင်သူ၊ ပြည်တွင်းပြည်ပ အတွေ့အကြုံ ရှိသူ၊

နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်သူအား စိစစ်ရွေးချယ် တာဝန်ပေးအပ်ရန်လိုအပ်မည် ဖြစ်ပါတယ်။ အဖွဲ့ဝင်များအားလည်း ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ၊ ကော်မတီတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သူ၊ ကော်မတီ၏လုပ်ငန်းများနှင့်ပတ်သက်၍ ဝိုင်းဝန်းဖြေရှင်း အကြံပြုနိုင်သည့် အရည်အချင်းရှိသူများကို စိစစ်ရွေးချယ် တာဝန်ပေးအပ်ရန် လိုအပ်မည် ဖြစ်ပါတယ်။

(၂) **ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအပေါ် စိစစ်သုံးသပ်ရေး။** ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေပေါင်း၂၀ ခုအနက် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေပေါင်း ၁၃ ခု ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ကျင့်သုံးမည့် ဥပဒေသုံးခုနှင့် စိစစ်ဆောင်ရွက်ဆဲ ဥပဒေလေးခု ကျန်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ခေတ်စနစ်နှင့်အညီ ပြန်လည်စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါတယ်။

(၃) **ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း ဥပဒေကြမ်းတွင် ဖော်ပြပါရှိသည့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းများနှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများဆိုင်ရာ လုပ်ငန်းများ။**ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း ဥပဒေကြမ်းတွင် ဖော်ပြပါရှိ သည့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက်အပေါ် ဝန်ကြီးဌာနမှ ကတိကဝတ်များနှင့် ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းထားသော လုပ်ငန်းစီမံကိန်းများ ပါဝင်နိုင်ရန် စီမံကိန်းရေးဆွဲသည့်အချိန်တွင် ကျန်းမာရေးမြင့်တင်မကော်မတီမှတာဝန်ပေးအပ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအားဖိတ်ခေါ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့ စီမံကိန်းများ၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းများဆိုင်ရာ မူကြမ်းများ မတင်ပြမီ အကြိုညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်မည်လည်း ဖြစ်ပါတယ်။

(၄) **စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း။** ကျန်းမာရေးမြင့်တင်မကော်မတီဝင်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးဆိုင်ရာလုပ်ငန်းများ၊

ရောဂါကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးမြင့်တင်မလုပ်ငန်းများနှင့် ပြန်လည်သန်စွမ်းရေး လုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်း လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများကို စောင့်ကြည့်လေ့လာရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

(၅) **ကော်မတီဝန်ထမ်းများ။** ကျန်းမာရေးမြင့်တင်မကော်မတီသည် ဖွဲ့စည်းပုံအရ လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး၊ ဦးစီးအရာရှိ(၁)ဦး၊ ဒုတိယဦးစီးမှူး(၁)ဦး၊ အကြီးတန်းစာရေး(၂)ဦးနှင့် အငယ်တန်းစာရေး(၁)ဦးဖြင့် ဖွဲ့စည်းထားသော်လည်း လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦးကို လတ်တော်ဆေးခန်းတွင် တွဲဖက်ထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်၍ ဖွဲ့စည်းပုံပါအတိုင်း လက်ထောက်ညွှန်ကြားရေးမှူးအား ကော်မတီရုံးတွင်သာ ခန့်ထားပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

(ခ) **ပြည်သူ့လွှတ်တော်**

ပြည်သူ့လွှတ်တော်နှင့်ပတ်သက်၍ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) **စာကြည့်တိုက်များ။** လတ်တော်အလိုက် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များတွင် ထားရှိသည့် စာအုပ်စာတမ်းများစာရင်းအား ကတ်တလောက်များဖွင့်လှစ်၍ စာဖတ်သူ အား ကြိုတင်သိရှိစေခြင်းဖြင့် စာအုပ်စာတမ်းများ ရှာဖွေရာတွင် အထောက်အကူပြု နိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် လစဉ် အသစ်ရောက်ရှိသည့် စာအုပ်စာတမ်းများ စာရင်းကိုလည်း ကြိုတင်အသိပေးရန်နှင့် E-Library ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင် ရန်လိုအပ်မည်ဖြစ်ပါတယ်။

(၂) **အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကျင်းပခြင်း။** လတ်တော် ကိုယ်စားလှယ် များနှင့် လတ်တော်ရုံးဝန်ထမ်းများ အရည်အချင်းနှင့် အရည်အသွေးတိုးတက်မြင့်မား ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် လစဉ်ပုံမှန် ကျင်းပပေးရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

(၃) **အားကစားပွဲများကျင်းပခြင်း။** လတ်တော်ကိုယ်စားလှယ်များ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမနှင့် ပူးပေါင်းဆောင်ရွက်မများ ပိုမိုခိုင်မြဲစေရန် သင့်လျော်သော

**မူကြမ်း**

အားကစားပွဲများကို အချိန်ဇယားရေးဆွဲ၍ ကျင်းပပေးရန်လည်း လိုအပ်မည်ဖြစ်ပါတယ်။

(၄) **ကော်မတီဝင်များအား မော်တော်ယာဉ်များ ခွဲဝေသတ်မှတ်ပေးရေး။** ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် အမြဲတမ်းကော်မတီ(၄)ခုမှလွဲ၍ ကျန်ကော်မတီများတွင် တာဝန်ထမ်းဆောင်နေသော အဖွဲ့ဝင်များမှာ မော်တော်ယာဉ် ခွဲဝေလျာထားမ မရှိခဲ့ပါ။ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး အတွက် မော်တော်ယာဉ်များအား သင့်တင့်စွာခွဲဝေ သတ်မှတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပညာရေးမြှင့်တင်မကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုဇတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မကော်မတီ အတွင်းရေးမှူး ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မကော်မတီကိုယ်စား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် သုံးသပ်အကြံပြု ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မကော်မတီကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ မှာ အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၁၁)ဖြင့် အဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ဖြင့် စတင်ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါတယ်။ ကော်မတီဝင်သက်တမ်းမှာ စတင်ဖွဲ့စည်းပြီးသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ပေးထားပြီး နှစ်အလိုက် ကော်မတီသက်တမ်းကို တိုးမြှင့် ပေးခဲ့ပါတယ်။

၂။ ကော်မတီ၏ တာဝန်(၆)ရပ်အနက် တာဝန်တစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်

ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လတ်တော်သို့ တင်ပြရမည်ဟု ပါရှိပါတယ်။

၃။ အဲဒီလိုကျင့်သုံးလျက်ရှိတဲ့ ပညာရေးဆိုင်ရာဥပဒေများကို လေ့လာရာမှာ အဆိုပါဥပဒေများမှာ ကဏ္ဍတစ်ခုချင်းအလိုက်သာ သီးခြားပြဋ္ဌာန်းထားကြောင်း တွေ့ရှိခဲ့ရပြီး နိုင်ငံတကာတွင် ကျင့်သုံးနေတဲ့၊ အားလုံးလမ်းခြုံ တဲ့ မိခင်ဥပဒေတစ်ခု အသစ်ပြဋ္ဌာန်းရန် လိုအပ်နေကြောင်းကိုလည်း သုံးသပ်ရရှိခဲ့ပါတယ်။

၄။ ပညာရေးမြင့်တင်မကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းအနေနဲ့ ဘုန်းတော်ကြီးသင် ဆရာဆရာမများအတွက် ထောက်ပံ့ငွေတိုးမြင့်ပေးရန် အရေးကြီးအဆိုကို ၂၁-၁၀-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုလတ်တော်သို့ တင်သွင်းခဲ့သလို အတွင်းရေးမှူးသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးမရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပညာရေးကဏ္ဍမြင့်မားရေးအတွက် မိခင်ဥပဒေတစ်ခုဖြစ်တဲ့ အမျိုးသား ပညာရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း အရေးကြီးအဆိုကို ၉-၁၁-၂၀၁၂ ရက်နေ့မှာ တင်ပြနိုင်ခဲ့ပါတယ်။

၅။ ပထမအကြိမ် ပြည်သူ့လတ်တော်သက်တမ်းအတွင်း အတည်ပြုပြဋ္ဌာန်းပြီးသော ပညာရေး ဆိုင်ရာဥပဒေများမှာ

(က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပြည်ထောင်စုလတ်တော်ဥပဒေအမှတ် ၁၄/၂၀၁၁)

(ခ) အမျိုးသားပညာရေးဥပဒေ (ပြည်ထောင်စုလတ်တော်ဥပဒေအမှတ် ၄၁/ ၂၀၁၄)နဲ့

(ဂ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလတ်တော်ဥပဒေအမှတ် ၃၈/ ၂၀၁၅) တို့ ဖြစ်ကြပါသည်။

**သုံးသပ်အကြံပြုချက်**

၆။ ပထမအကြိမ်လတ်တော်ကာလမှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို မျက်ခြေမပြတ်စေဘဲ ဆင့်ပွားဥပဒေများ ပြုစုရာမှာ ဆွေးနွေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်သင့်ပါတယ်။

၇။ ပညာရေးစနစ်နှင့်ပတ်သက်၍ နိုင်ငံတကာပညာရေးစနစ်များကို လေ့လာနိုင်ရန် တာဝန်ခွဲ၍ အစီအစဉ်များချမှတ်ပြီး ကော်မတီတွင်းဆွေးနွေးပွဲများ ပြုလုပ်သင့်ပါတယ်။

**မူကြမ်း**

၈။ ကော်မတီတွင် ပညာရေးနှင့် ဆက်စပ်အတွေ့အကြုံ ရှိသူများ အနည်းဆုံး သုံးပုံနှစ်ပုံ ပါဝင်သင့်ပါတယ်။ အဆင့်မြင့်ကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ စက်မသက်မွေးကဏ္ဍနှင့် ဆရာအတတ်သင်ပညာကဏ္ဍ စသည့်နယ်ပယ်များ စုံလင်နိုင်သမျှ စုံလင်သင့်ပါတယ်။

၉။ ပြည်သူများနှင့် အမိကထိတွေ့နိုင်တဲ့ လတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ပညာရေးလိုအပ်ချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသားပညာရေးနှင့် ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို ဆက်လက်မြင့်တင်နိုင်မည်လို့ ယုံကြည်ပါတယ်။

၁၀။ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ ကုလသမဂ UNICEFမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ပါမောကများ လက်ခံတွေ့ဆုံ၍ အတွေ့အကြုံ ဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာ အဆင့်မီသော ပညာရေးစနစ်တစ်ခု ပေါ်ပေါက်ရေးမှာ ပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ သုံးသပ်အကြံပြုချက်

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက သုံးသပ် အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အဖွဲ့ဝင်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။ ရှိသေ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ပထမအကြိမ်ပြည်သူ့လတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ သုံးသပ်ချက်၊ အကြံပြုချက်များကို ကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ကျန်မ ဒေါ်ဒွဲဘူကနေမှ ကော်မတီ၏တာဝန်ပေးမဖြင့် လတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။ ကော်မတီအနေနဲ့ သုံးသပ်ချက်သုံးချက်၊ အကြံပြုချက် ၁၁ ချက်ကို လတ်တော်သို့တင်ပြသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

**သုံးသပ်ချက်**

၁။ တရားဥပဒေစိုးမိုးရေးသည် တိုင်းပြည်အတွက် အဓိကကျသည့်အပြင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့် ချိတ်ဆက်လျက်ရှိပါသည်။ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်လည်း တိုက်ရိုက်သက်ဆိုင်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးသည် တရားစီရင်ရေးကဏ္ဍတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ပါ။ အာဏာပိုင်အဖွဲ့အစည်းများ တရားစွဲအဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ပါသည်။ လက်ရှိအခြေအနေတွင် အာဏာပိုင်များ၏ ဖိအားပေးမများ၊ ဝင်ရောက်စွက်ဖက်မများ၊ လမ်းမိုးမများရှိနေသေးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၂။ တည်ငြိမ်အေးချမ်းမပျက်ပြားနေသော အကြောင်းကိစများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မအောင်မြင်ခြင်းကိစများနှင့်စပ်လျဉ်း၍ အခြေအနေမပေးသဖြင့် ကော်မတီအနေဖြင့် ယခင်က ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ သို့သော် ယင်းကိစများနှင့် ပတ်သက်ဆက်စပ်သည့် အဖွဲ့အစည်းများ အရည်အသွေးမြင့်တင်ရေး၊ နိုင်ငံတကာအကူအညီရရှိရေး၊ သင်တန်းပေးရေး တို့ကို ဆောင်ရွက်ခဲ့ပါသည်။ နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သုံးသပ်ပါသည်။

၃။ တရားဥပဒေစိုးမိုးရေးရှိရန်နှင့် တည်ငြိမ်အေးချမ်းမရှိရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ အဓိကဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။ အထူးသဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးပိုင်းက ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မအောင်မြင်နိုင်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဗဟိုကပြုပြင်မများ ဖြေလျှော့မများ လမ်းညွှန်ပြောကြားနေသော်လည်း အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းအဖွဲ့အစည်းများတွင် ရာစုထက်ဝက်ကျော် စွဲကပ်နေသော အလေ့အကျင့်၊ စရိုက်လက္ခဏာများ၊ အကျင့်ပျက်ခြစားမများ မပျောက်မပျက်တည်ရှိနေခြင်းတို့ကို သုံးသပ်တွေ့ရှိရပါသည်။

**အကြံပြုချက်များ**

၁။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံး စိတ်ဝင်စားစွာ ပါဝင်လာစေရန် စည်းရုံးခြင်း၊ ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ သင်တန်းများပေးခြင်းတို့ ကို

ပြုလုပ်ရပါမည်။ ပြည်သူ့အသံကို နားထောင်ပြီး ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ လက်တွဲဆောင်ရွက်ကြရန် အကြံပြုပါသည်။

၂။ ပြစ်မကျူးလွန်မများအား အပြစ်ပေးရာတွင် အကျင့်စာရိတပြုပြင်မကို ဦးတည်ရပါမည်။ ပြစ်ဒဏ်ကျခံနေရသူများကိုလည်း နောက်နောင် ရာဇဝတ်မှုကျူးလွန်ခြင်းမှ ကင်းလွတ်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားပေးပြီး လူ့အသိုင်းအဝိုင်းတွင် ဝင်ဆံ့အောင် လက်တွေ့ဖန်တီးပေးရန်လိုအပ်ပါသည်။ ထို့အပြင် တရားရုံးများ စောင့်ကြည့်လေ့လာရေး၊ လွတ်လပ်သည့်အဖွဲ့အစည်းများရှိသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၃။ နယ်ခြားစောင့်တပ်ဖွဲ့များ စားဝတ်နေရေးပြေလည်စေရန်အတွက် နယ်စပ်လုံခြုံရေးနှင့် ကြီးကြပ်ရေး ပီပြင်စေရန်တို့ကို နိုင်ငံတော်အစိုးရက တာဝန်ယူဖြေရှင်းပေးဖို့ လိုအပ်ပါမည်။

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကိစနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ သီးနှံများအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးများဆောင်ရွက်ပေးရန်၊ မူးယစ်ဆေးဝါးများ သုံးစွဲသူများအား ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ပေးရန်၊ မူးယစ်ဆေးဝါးကင်းစင်ရန် အသိပညာပေးရေး၊ လံ့ဆော်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ပြည်သူလူထုနှင့်လက်တွဲပြီး စနစ်တကျ ထိထိရောက်ရောက် လုပ်ဆောင်ပေးရန်၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မများကို မျက်ခြေမပြတ်ကြီးကြပ်သွားရန် အထူးလိုအပ်ပါသည်။

၅။ အရပ်ဖက်လူအဖွဲ့အစည်းများ(CSO)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)စသည့် အသင်းအဖွဲ့များကလည်း ပညာပေးလံ့ဆော်ရေး၊ စည်းရုံးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၆။ တရားဥပဒေစိုးမိုးရေးအတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်စေသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့ကို အမြန်ဆုံးပြင်ဆင်သင့်က ပြင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ပြီး၊ အသစ်ပြဋ္ဌာန်းသင့်က ပြဋ္ဌာန်းရပါမည်။

၇။ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင် ဥပဒေအာဏာတည်စေရေး (Law enforcements) များနှင့် အထူးအားကောင်းစေရန် အမြဲမပြတ်ဝေဖန်ထောက်ပြရပါမည်။

**မူကြမ်း**

၈။ ကျောင်းများတွင် လူမကျင့်ဝတ်ဆိုင်ရာသဘောတရားများ ဥပဒေပညာအခြေခံမှုများကို သင်ခန်းစာတစ်ခုအဖြစ် ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်သင့်ပါသည်။

၉။ ကုလသမဂ္ဂ၏ အကျင့်ပျက်ခြစားတိုက်ဖျက်ရေးသဘောတူညီချက်အရ လတ်တော်ကိုယ်စားလှယ်များသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွင် ပါဝင်ကြရန်နှင့် လွတ်လပ်သော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ကို ဖွဲ့စည်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ အဆိုပါ အဖွဲ့အစည်းသည် အစိုးရက ဖွဲ့စည်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ CSO များ၊ NGOများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်လျှင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်း ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါသည်။

၁၀။ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခြင်းဆိုသည်မှာ တိုင်းရင်းသားပြည်သူပြည်သားများအားလုံး ဘဝလုံခြုံမှုအတွက် စိတ်အေးချမ်းသာစွာဖြင့် တရားဥပဒေ၏အကာအကွယ်အတွင်းမှ လက်ရည်တစ်ပြင်တည်း နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည့် ငြိမ်းချမ်းရေးမျိုးဖြစ်ရန် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်နိုင်ရန် အကြံပြုတင်ပြအပ်ပါသည်။

၁၁။ ဤကော်မတီကို နောင်ကျင်းပမည့် လတ်တော်များတွင်လည်း ဆက်လက်ထားရှိပြီး ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးရရှိရေးအတွက် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့နှင့် ပူးပေါင်းကာ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ ပြည်သူ့လတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သကါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ကိုယ်စားလှယ်တော် ဦးစိုးဝင်းဖြစ်ပြီး တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီဝင် ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့အကြံပြုချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။

**ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းခြင်း**

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပထမအကြိမ် ပြည်ထောင်စုလတ်တော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ခက်မသုံးဖြာရဲ့အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်သော နိုင်ငံသား၊ တိုင်းရင်းသားများက ရွေးချယ်တင်မြောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုလတ်တော်ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလတ်တော်ကြီးသည် နိုင်ငံတော်၏အမြင့်ဆုံး ဥပဒေပြုမဏ္ဍိုင်ကြီးဖြစ်ပါတယ်။ ပြည်ထောင်စုလတ်တော်ကြီးမှ နိုင်ငံတော်သမတနှင့် ဒုတိယသမတများကို ခန့်အပ်ပေးပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ဟုခေါ်ဆိုသော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အစိုးရအဖွဲ့များနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်း တာဝန်ပေးအပ်မှုကို အတည်ပြုပေးခဲ့ပါတယ်။ အလားတူ ပြည်ထောင်စုတရားလတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလတ်တော် အဆင့်ဆင့်ဖွဲ့စည်းမှု၊ ခန့်အပ်တာဝန်ပေးမှုတို့ကိုလည်း ပြည်ထောင်စုလတ်တော်ကြီးက အတည်ပြုပေးခဲ့ပါတယ်။ ထိုအချိန်မှစ၍ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ ပေါ်ထွန်းလာခဲ့ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်ဟု ပြဋ္ဌာန်းထားရာ မဏ္ဍိုင်ကြီးသုံးရပ်သည် သီးခြားလွတ်လပ်စွာရပ်တည်ရမည်ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီဖြစ်စေရန် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမပြုရမည်မှာ အခြေခံဥပဒေမှ ပေးထားချက်များပင်ဖြစ်ပါတယ်။

**နိုင်ငံတော်ရဲ့လက်ရှိအခြေအနေ**

မြန်မာနိုင်ငံသည် နှစ်ပေါင်း(၅၀)ခန့်မျှ ဒီမိုကရေစီကျင့်စဉ်၊ ပါလီမန်/လတ်တော် အတွေ့အကြုံတို့နှင့် ကင်းကွာနေစေရန် အခြေအနေအရပ်ရပ်၏ ကြုံရှုယ်ဖန်တီးမများနှင့် ကြုံတွေ့ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီနိုင်ငံတော်သစ် ပြန်လည်တည်ဆောက်ချိန်တွင် ပါလီမန်အတွေ့အကြုံ နည်းပါးမှု၊ ဒီမိုကရေစီကျင့်စဉ်အားနည်းမတို့ကြောင့် အထူးသဖြင့် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြား သဘောထားကွဲပြားမနှင့် ပွတ်တိုက်မများ စဉ်ဆက်မပြတ်ဖြစ်ပွားခဲ့ရပါတယ်။ ဥပဒေပြုမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုလတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်းလိုက်သော ဥပဒေများကိုလိုက်နာဖော်ဆောင်ရန်သည် အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့၏ အဓိကတာဝန်သာ ဖြစ်ပါတယ်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြား ပွတ်တိုက်မများဖြစ်ပေါ်နေချိန် တရားစီရင်ရေး တတိယမဏ္ဍိုင်ဟာ လွတ်လပ်စွာလပ်ရှားနေခဲ့ပါတယ်။ အပြန်အလှန်ထိန်းကျောင်းနိုင်မ အားနည်းခဲ့သောကြောင့် တရားရေးနယ်ပယ်တွင် အကျင့်ပျက်လာဘ်စားမများ ကြီးမားစွာလမ်းမိုးအားကောင်းနေကြောင်း ဝေဖန်မများ ပြည်သူတွေရဲ့ကြားမှာ စဉ်ဆက်မပြတ် ကျယ်လောင်စွာထွက်ပေါ်နေသည်ကိုလည်း ကြားသိနေရပါတယ်။ ထိုအခြေအနေမျိုးဖြစ်ပေါ်နေသော်လည်း အဓိကမဏ္ဍိုင်များဖြစ်တဲ့ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့က ထိရောက်စွာ ထိန်းကျောင်းမမပြုနိုင်ခဲ့ခြင်းသည် ပထမအကြိမ် လတ်တော်သက်တမ်းကာလ၏ အဓိကအားနည်းချက်အဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်ခဲ့ပြီဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်သည် တရားဥပဒေစိုးမိုးမ လွန်စွာအားနည်းသောအခြေအနေတွင်ရှိပါတယ်။ တရားဥပဒေစိုးမိုးမ ခိုင်မာအောင် လိုအပ်ချက်များစွာရှိနေရာ တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ရန်အတွက် အဓိကလိုအပ်ချက်များဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်လာမှ တရားဥပဒေစိုးမိုးမအားကောင်းလာကာ နိုင်ငံသားများသည် တရားသောဥပဒေများ၏ အကာအကွယ်ကို ရနိုင်မည်ဖြစ်ပါတယ်။ လူမစီးပွားရေးဘဝလုံခြုံ ဖွံ့ဖြိုးလာပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။

**ကော်မတီရဲ့ အကြံပြုတင်ပြချက်**

တရားဥပဒေစိုးမိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်လာစေရန် အောက်ဖော်ပြပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည် -

(က) ပြည်သူကို ဖိနှိပ်ချုပ်ချယ်သော ကိုလိုနီခေတ် ဥပဒေဟောင်းအချို့ကို ပယ်ဖျက်ရန်၊

(ခ) တရားရုံးများစောင့်ကြည့်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်းပေးရန်၊

(ဂ) မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညည်းပန်းနှိပ်စက်ခြင်းတို့ကို တားမြစ်သောဥပဒေများ ပြဋ္ဌာန်းပေးရန်၊

(ဃ) ပြစ်ဒဏ်စီရင်ခြင်းဆိုင်ရာစနစ်တွင် အကျဉ်းထောင်ဥပဒေကြမ်းကို ကုလသမဂ္ဂမှ ချမှတ်ထားသော အကျဉ်းသားများအား ဆက်ဆံရန်သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပေးရန်၊

(င) အကျဉ်းထောင်စီမံခန့်ခွဲရေးတာဝန်များကို ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများအား ပူးပေါင်းဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းပေးရန်၊

(စ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အဆင့်ဆင့်တို့၏ သက်တမ်းကာလသတ်မှတ်ချက်ကို လွှတ်တော်သက်တမ်းနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပေးရန်၊

(ဆ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးမကို ပြည်ထောင်စုလွှတ်တော်ကသာ ဆောင်ရွက်ရန်၊

(ဇ) တရားစီရင်ရေးကို တစ်ဦးထိုင်စနစ်မှ ဂျူရီစနစ်သို့ ပြောင်းလဲကျင့်သုံးရန်၊

(ဈ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်နှင့်အညီ လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော တရားစီရင်ရေးပုံစံကို ထိရောက်စွာကျင့်သုံးရန်၊

(ည) တရားရုံး၊ တရားလွှတ်တော်အဆင့်ဆင့်အတွက် ဂုဏ်သိကာရှိသော ရုံးအဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအတွက် နေအိမ်၊ မော်တော်ယာဉ်အပါအဝင် ရုံးသုံးကိရိယာ လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ပေးရန်။

**နိဂုံး**

သတင်းမီဒီယာ စတုတမဏ္ဍိုင်သည် ခက်မသုံးဖြာဖြစ်သော မဏ္ဍိုင်သုံးရပ်နှင့် ပဥ္စမမဏ္ဍိုင်ဖြစ်သော ပြည်သူများအကြား အပြန်အလှန်ချိတ်ဆက်ပေးသော အရေးကြီးတာဝန်ကို ထမ်းရွက်နေရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ သတင်းမီဒီယာအားကောင်းလာမှ ဒီမိုကရေစီခိုင်မာတောင့်တင်းလာပြီး

ပြည်သူများရဲ့ လူမစီးပွားရေးဘဝလုံခြုံမရှိမှာ ဖြစ်ပါတယ်။ အပြန်အလှန်ထိန်းကျောင်းမမရှိသော တရားစီရင်ရေးစနစ်ကို လွတ်လပ်သောတရားစီရင်ရေးဟု မခေါ်ဆိုနိုင်ပါ။ ပွင့်လင်းမြင်သာစွာ ဥပဒေနှင့်အညီ စီရင်ခြင်းကိုသာ လွတ်လပ်သော၊ အမှီအခိုကင်းသော တရားစီရင်ရေးဟု ခေါ်ဆိုနိုင်ပါမည်။ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးသော ဒီမိုကရေစီ နိုင်ငံသစ်ပေါ်ထွန်းလာစေရန်အတွက် တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းခြင်းသည် ယနေ့ နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်နေသော အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း အကြံပြုအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို (အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျန်တော်ကတော့ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမ ကော်မတီရဲ့ကိုယ်စားတာဝန်ပေးချက်များအရ ကော်မတီရဲ့ အကြံပြုချက်များကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အကြံပြုချက်များ**

၁။ ကော်မတီများဖွဲ့စည်းရာမှာ ကိုယ်စားလှယ်များ၏ အတွေ့အကြုံ အရည်အချင်း၊ အသက်အရွယ်ကို အခြေခံပြီး သင့်တော်သော ကော်မတီများတွင် တာဝန်ပေးခြင်းအားဖြင့် လတ်တော်၏ လုပ်ငန်းများကို အခုထက်ပိုမို၍ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။

၂။ ကော်မတီရုံးအဖွဲ့ဝင်များ စုဖွဲ့တာဝန်ပေးအပ်ရာမှာ စီမံခန့်ခွဲနိုင်စွမ်းရှိသူ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူ၊ ဥပဒေပညာရှင်၊ ရုံးလုပ်ငန်းကျွမ်းကျင်သူများဖြင့် အတတ်နိုင်ဆုံးစုဖွဲ့တာဝန်ပေးအပ်မှသာ ရုံးလုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

၃။ ကော်မတီလုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အထောက်အကူပစ္စည်းများကို ယခုထက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါတယ်။

၄။ ပြည်သူလူထုရဲ့ တိုင်ကြားစာများနှင့် ပတ်သက်ပြီး အချိန်တိုအတွင်း အစိုးရအဖွဲ့သို့ ပေးပို့နိုင်ရေးဆောင်ရွက်ပေးရန် လိုအပ်သလို အစိုးရအဖွဲ့များအနေဖြင့် လွှတ်တော်မှ ပေးပို့လာသော တိုင်ကြားစာများ ပိုမိုအလေးထားစိစစ်ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်၏ လုပ်ငန်းတာဝန်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေမှာ ဖြစ်ပါတယ်။

၅။ ကော်မတီအနေဖြင့် ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ တင်ပြလိုချက်များကို ကြားနာခွင့်ရရှိအောင် ဥပဒေများကို ခေတ်ကာလနှင့် လိုက်လျောညီထွေရှိမည်ဖြစ်တဲ့အတွက် ပြည်သူလူထု တစ်ပေါင်းတည်းတင်ပြလိုခြင်းများကို တင်ပြခွင့်ရရှိစေရေး စိစဉ်ဆောင်ရွက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ လွှတ်တော်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ နိုင်ငံတကာလွှတ်တော်များရဲ့ စံနှုန်းနှင့်နှိုင်းယှဉ်ပါက များစွာအားနည်းချက်များရှိနေသေးသည့်အတွက် နောင်ပေါ်ထွန်းလာမည့် လွှတ်တော်များ၊ အစိုးရအဖွဲ့များ လိုအပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များရဲ့ နေထိုင်ရေး၊ သွားလာပို့ဆောင်ရေး၊ စားသောက်ရေး၊ ရုံးလုပ်ငန်းများအပြည့်အဝဆောင်ရွက်နိုင်ရေး စသည့်လွှတ်တော်ဆိုင်ရာ အခွင့်အရေးများအပြင် လွှတ်တော်များ၏ ဖွဲ့စည်းမှု အရွယ်အစားပြည့်စုံကြီးမားလာစေရန်အတွက်ကိုလည်း စီမံဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ၎င်းတို့တွေ့ကြုံရသောအခက်အခဲများကို တင်ပြတိုင်ကြားမှုများနှင့်ပတ်သက်ပြီး လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ဆောင်ရွက်ခဲ့ရာတွင် အချို့တိုင်ကြားစာများမှာ အချိန်ကာလကြာမြင့်သည့်တိုင် ပြန်ကြားချက်မရရှိသေးခြင်း၊ အချို့တိုင်ကြားစာများ ပြန်ကြားချက်ရရှိပြီးခဲ့သော်လည်း ထိရောက်သောဖြေကြားရှင်းလင်းမှု မရှိခြင်းများ တွေ့ရှိခဲ့ရခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ ယနေ့နိုင်ငံတော်အတွင်း ဖြစ်ပွားလျက်ရှိသော ရာဇဝတ်မခင်းများအတွက် တရားခံများကို ဖမ်းဆီးရာ၌ ဥပဒေအရ ရာဘာတုတ်သာ

ကိုင်ဆောင်ထားရှိပြီး ပြစ်မကျူးလွန်သူများမှာ ငှက်ကြီးတောင်ဓားစသည့် လက်နက်များကို ကိုင်ဆောင်အသုံးပြုလျက်ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားခံအား ဖမ်းဆီးရာတွင် အသက်အန္တရာယ်ရှိမနှင့် ထိခိုက်ဒဏ်ရာရနိုင်မ အခြေအနေအရ ထိရောက်သော ဖမ်းဆီးအရေးယူမများ အားနည်းလာသည့်အတွက် ရာဇဝတ်မခင်းများ လျော့နည်းပပျောက်ရေး၊ တရားခံများအား ထိရောက်စွာဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်ဆောင်မအား ပြန်လည်သုံးသပ်ပြီး ထိရောက်မရှိနိုင်သော လက်နက်တပ်ဆင်ပေးခြင်း၊ တရားခံအား ပစ်ခတ်ဖမ်းဆီးခွင့်ပေးခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြန်လည်သုံးသပ်သင့်ပါသည်။

လူဝင်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားရရှိရေး မိုးပွင့်အဆင့်များဖြင့် ဖြေလျော့ဆောင်ရွက်ပေးနေသည်ဆိုသော်လည်းပဲ ဝန်ကြီးဌာန၏ ဖြေလျော့သတ်မှတ်ချက်များကိုပင် ပြည်သူအများလိုက်နာဆောင်ရွက်နိုင်မမရှိသဖြင့် နိုင်ငံအတွင်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားလက်ဝယ်မရှိသူများ ရှိနေသေးသဖြင့် ပြည်သူအများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားရရှိရေး ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါတယ်။

ကော်မတီဝန်ထမ်းအင်အားကို ယခုထက် တိုးချဲ့တာဝန်ပေးရန်လိုအပ်သလို ဝန်ထမ်းများအင်္ဂလိပ်စကားပြောဥပဒေကျမ်းကျင်မ၊ ကွန်ပျူတာ ကျမ်းကျင်သူများစသဖြင့် ရုံး၏လိုအပ်ချက်များကိုအခြားကော်မတီ၊ ကော်မရှင်များ၏ အကူအညီ တောင်းခံခြင်းမရှိဘဲ လည်ပတ်နိုင်ရေးအတွက် လိုအပ်နေသေးကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမကော်မတီ၏ လုပ်ငန်းများသည် အင်မတန်လေးနက် ကျယ်ဝန်းသလိုအခြားဝန်ကြီးဌာနများ၏ လုပ်ငန်းများနှင့်လည်း ဆက်နွှယ်မရှိတဲ့အတွက် ကော်မတီအဖွဲ့ဝင်များအနေနှင့် အခြားဝန်ကြီးဌာနများတွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့တက်ရောက်သင့်ကြောင်း၊ အလားတူ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ပြည်သူ့ရေးရာများကို ကူညီဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ လတ်တော်ကော်မတီများတွင် ဆွေးနွေးမများ စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

**မူကြမ်း**

ကော်မတီသည်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ဥပဒေများကို ပြန်လည်လေ့လာ သုံးသပ်ပြီး ပြည်သူလူထုနှင့် လက်တွေ့ဘဝတွင် အံဝင်ဂွင်ကျ မဖြစ်တော့သည့် ဥပဒေများ၊ မဖြစ်မနေ ပြင်ဆင်ရန် လိုအပ်သော ဥပဒေများရှိသည်ကိုတွေ့ရပြီး ဥပမာ- မြန်မာနိုင်ငံမှာရှိသော ကျူးကျော်များသည် သန်းခေါင်စာရင်း၊ မှတ်ပုံတင်များမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးနေ၍ ၎င်းတို့ မှတ်ပုံတင် သန်းခေါင်စာရင်းရရှိရန် ဥပဒေတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သင့်သော ကိစ္စရပ်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**ဆက်လက်ပြီးဆောင်ရွက်သင့်သော ကော်မတီရဲ့ရှေ့လုပ်ငန်းစဉ်များ**

ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ လတ်တော်ကော်မတီ၊ ကော်မရှင်မှတာဝန်ရှိသူများ၊ လတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဥပဒေကို စိတ်ဝင်စားသူ လုပ်သား ပြည်သူများ၊ ပြည်တွင်း/ပြည်ပအသင်းအဖွဲ့များမှ အတွေ့အကြုံနှင့် အကြံများရယူပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေများထွက်ပေါ်လာရေး ဆောင်ရွက်ပေးမည်ဆိုတဲ့ အချက်များနှင့် ဝန်ကြီးဌာနရဲ့ အကြံပြုတင်ပြချက်များကို အချိန်အရ အစီရင် ခံစာမှာတင်ပြပြီးဖြစ်တဲ့အတွက် နိဂုံးချုပ်အနေနဲ့ ပထမအကြိမ် ပြည်သူ့လတ်တော်တွင် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းထားသော ကော်မတီ ၁၉ ခုထဲမှ တစ်ခုအပါအဝင်ဖြစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမ ကော်မတီသည် ပထမအကြိမ် ပြည်သူ့လတ်တော် သက်တမ်းကာလတွင် ကော်မတီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနများတို့က တင်ပြလာသော ဘတ်ဂျက်များကို စိစစ်ခြင်းနှင့်ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပြည်သူတို့၏ တိုင်ကြားစာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းများကို လတ်တော်သက်တမ်းကာလ(၅)နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါ ကြောင်းနှင့်နောင်လာမည့် ဒုတိယအကြိမ်လတ်တော်သက်တမ်းတွင်လည်း ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခြင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်သော ဝန်ကြီးဌာနများ၏ ဘတ်ဂျက်များနှင့်ဥပဒေများကို ထိန်းကျောင်းပေးခြင်းဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အကူပေးနိုင် မည်ဖြစ်ကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

## လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၉ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဝင်း(အဖွဲ့ဝင်၊ လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျနော် ကတော့ ပြည်သူ့လတ်တော် လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး၊ လိုင်သာယာ မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျနော့်အနေနဲ့ ကော်မတီရဲ့တာဝန်ပေးချက်အရ ပြည်သူ့လတ်တော် လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမ အကြိမ် ပြည်သူ့လတ်တော်ကာလအတွင်း ကော်မတီရဲ့ သုံးသပ်အကြံပြုချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပထမအကြိမ် ပြည်သူ့လတ်တော်၊ လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအနေဖြင့် အတွေ့ အကြုံ များ၊ အစီရင်ခံစာများ၊ ကော်မတီလုပ်ငန်းများနှင့် မိမိတို့စီမံဆောင်ရွက်ခဲ့ပုံများကို တတ်နိုင်သမျှ ပြည့်စုံစွာ ဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လတ်တော် လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်အနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြုစုတင်ပြခြင်းဖြစ်ပါသည်။

၂။ လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကော်မတီလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်ရေးနှင့် တိုးတက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ထားရှိပြီး တင်ပြရခြင်းဖြစ်ပါတယ်။

၃။ ကော်မတီအနေဖြင့် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိခဲ့ပါတယ်။

**သုံးသပ်ချက်**

(က) ကော်မတီသည် လူမဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၏စီမံကိန်းဥပဒေ၊ ရသုံးမှန်းခြေငွေစာရင်းဥပဒေများကို စိစစ်ထိန်းညှိဆောင်ရွက် ပေးရာတွင် ပထမအကြိမ် ပြည်သူ့လတ်တော်ကာလအတွင်း အမျိုးသားစီမံကိန်း

ဥပဒေကြမ်းများတွင် လူမရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၌ လူမရေးကဏ္ဍမှာ တိုးတက်မှု အနည်းငယ်သာရှိသည်ကို တွေ့ရပါတယ်။

(ခ) လူမရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေး၊ လူမဖွံ့ဖြိုးရေးကဏ္ဍငယ်များ ပါဝင်ရာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍငယ်များတွင် GDP အချိုးတက်လာသော်လည်း လူမဖွံ့ဖြိုးရေးကဏ္ဍငယ်၏ GDP အချိုးသည် လွန်စွာနည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) လူမဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူမရေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစည်းများအား နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားချေးငွေများနှင့် ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာအလှူရှင်များ၊ ပြည်တွင်းအလှူရှင်များ၏ အလှူငွေများဖြင့်သာ လူမရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိပါသည်။

## အကြံပြုတင်ပြချက်

(က) ကော်မတီတွင် ဥပဒေဘာသာရပ်၌ ကျမ်းကျင်သောကိုယ်စားလှယ်များလိုအပ်ပါသည်။

(ခ) လူမဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ သည်ကျယ်ပြန့်နက်နဲပြီး လူဦးရေနှင့်သက်ဆိုင်သဖြင့် ဘတ်ဂျက်များစွာ ခွဲဝေပေးရန် လိုအပ်ပါသည်။

(ဂ) ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းရာတွင် ပြည်သူလူထုမှတင်မြှောက်သော ပြည်ထောင်စုအစိုးရဖြစ်သည် နှင့်အညီ လူမရေးကဏ္ဍ တိုးတက်မြင့်မားအောင်မြင်စေရန် ပြည်သူလူထု၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်သည် ကုလသမဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ထောင်စုနှစ်ရည်မှန်းချက်များအား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သော်လည်း အကောင်အထည်ဖော်ရာတွင် ပြည့်မီခြင်းမရှိသေးသည်ကို တွေ့ရှိရပါ သည်။ ယခုအခါ ၂၀၁၅-၂၀၃၀ ထောင်စုနှစ်နောက်ဆက်တွဲရည်မှန်းချက်များ ချမှတ်ထားပြီး

ဖြစ်ရာ သဘောတူလက်ခံထားပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) အာဆီယံနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ (Asean Summit) တွင်လည်း အာဆီယံဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းကိစ္စတွင်-

(ကက) အာဆီယံလူငယ်ရန်ပုံငွေထည့်ဝင်ပြီးဖြစ်ပါသည်။

( ခခ ) အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၁၃ မှ ၂၀၁၇ ခုနှစ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကော်မရှင်မတည်ရန်ပုံငွေထည့်ဝင်ရန် ကိစ္စမှာဆောင်ရွက်ဆဲဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အရလည်းကောင်း၊ လူမဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံကိန်းအရလည်းကောင်း၊ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားရာ အကောင်အထည်ဖော် ဆောင်ရွက်မှု အပိုင်းတွင် ပြည့်မီစွာဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ဘဏ္ဍာငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

**နိဂုံးချုပ်အနေဖြင့်တင်ပြရရင်**

လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် လူမရေးဥပဒေများ၊ လူမဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီမံကိန်းဥပဒေ၊ ရသုံးမှန်းခြေငွေစာရင်းများကို စိစစ်ထိန်းညှိခြင်းများ ဆောင်ရွက်ခဲ့ရာ လူမှုရေးဥပဒေများတွင် ရာဇသတ်ကြီး၊ လူကုန်ကူးမတားဆီးကာကွယ်ရေးဥပဒေ၊ HIV/AIDS အကြောင်းအရာများ၊ သက်ကြီးရွယ်အိုကိစ္စရပ်များ၊ အမျိုးသမီးရေးရာကိစ္စရပ်များ၊ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များစသည်တို့ ပါဝင်သဖြင့် ၎င်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဥပဒေများကိုပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ရေးဆွဲရန် ကျန်ရှိနေပါသေးသည်။

**မူကြမ်း**

လူမဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ယူရသော လူမဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အမျိုးသားစီမံကိန်းဥပဒေနှင့်မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် လူဦးရေနှင့် လူမဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆောင်ရွက်ရန် ဘတ်ဂျက်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းအဆိုပြုရန် များစွာလိုအပ်လျက်ရှိပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းမည့် လူမဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအသစ်သည် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အင်တာနက်မှတစ်ဆင့် ဖမ်းယူလေ့လာနိုင်သောပစ္စည်းများ၊ စာကြည့်တိုက်မှ စာအုပ်စာတမ်းများ၊ အစည်းအဝေးမှတ်တမ်းများကို ကြည့်ရှုလေ့လာပြီး ဆောင်ရွက်နိုင်ပါရန် တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။ အားလုံးကျေးဇူးတင်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီအသီးသီးက မိမိတို့တွေ့ရှိထားတဲ့ ငါးနှစ်တာကာလအတွင်း အတွေ့အကြုံများနှင့် စပ်လျဉ်းပြီး နောင်လာမည့် ဒုတိယအကြိမ် လွှတ်တော်အတွက် လိုအပ်သော အကြံပြုစာများကို သုံးသပ်ပြီးတော့ ပြည့်ပြည့်စုံစုံတင်ပြပေးတဲ့အတွက် လွှတ်တော်ကြီးရဲ့ကိုယ်စား ကျွန်တော်က ကျေးဇူး တင်ကြောင်း ဦးစွာမှတ်တမ်းပြုလိုပါတယ်။ ယခု ဖတ်ကြားတင်ပြသွားခဲ့တဲ့ သုံးသပ်အကြံပြုတင်ပြချက် များဟာ ကိုယ်တိုင်တွေ့ကြုံခဲ့ကြရတဲ့ အတွေ့အကြုံများကို အခြေခံပြီးတော့ လိုအပ်တဲ့အချက်များကို လည်း အကြံပြုပြီး အားသာချက်၊ အားနည်းချက်တွေနဲ့ ထောက်ပြဖို့ ဝေဖန်သွားတဲ့အတွက် အင်မတန် တန်ဖိုးရှိတဲ့ အချက်အနှစ်များဖြစ်ကြောင်းကိုလည်းပဲ ဖော်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ လွှတ်တော်ကြီးတစ်ခုလုံးမှာ ပါဝင်တဲ့ကိုယ်စားလှယ်များဟာ ကော်မတီဝင်များ အဖြစ်နဲ့ မိမိတို့ရဲ့ကျရာတာဝန်ကဏ္ဍကနေပြီးတော့ ထမ်းဆောင်ခဲ့ကြတာ ဒါတွေဟာ ကျွန်တော်တို့ရဲ့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ်နဲ့လည်း ကျွန်တော်မှတ်တမ်းတင်လိုပါတယ်။ မိမိတို့ရဲ့ ကြိုးပမ်းဆောင်ရွက် ချက်များသည်အချည်းနှီးမဖြစ်ဘဲနဲ့ နောင်ပေါ်လာမည့် ဒုတိယအကြိမ် သက်တမ်းမှာ ရောက်ရှိလာကြ မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သူတို့အနေနဲ့ ကြိုတင်ပြီးတော့ သိရှိပြီး ဆောင်ရွက်ရန်ရှိ သည်များကို ကြိုတင်ပြီးတော့ သိရှိနိုင်ခွင့်ရတဲ့အတွက်လည်း နောင်လာမည့် လွှတ်တော်ကိုယ်စားလှယ် အသစ်များရဲ့ကိုယ်စားလည်းပဲ ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ အခုလို အားလုံး

ပြည့်စုံအောင် ဖော်ပြပေးတာကို သီးခံပြီးနားထောင်ပေးတဲ့ လတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးအထူး တင်ရှိပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (ဗုဒဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ်ပြည်သူ့လတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မှုကြမ်း**